ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ သောကြာနေ့၊ (17-9-2004) (၄၃၅၉)

တပေါ စ
တော် မင်္ဂလ မုတ္တမံ။

ကြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှစ်ရှည်ပင်လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ညှိနှိုင်းအစည်းအဝေး(၇/၂၀၀၄)သို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်

☆ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးပင်ဖြစ်၊ ဒီမိုကရေစီစနစ်ဖြင့် တည်ဆောက်သွားမှာဖြစ်၊

☆ ထိုသို့တည်ဆောက်ရာတွင် မိမိတို့၏ ဒီမိုကရေစီသည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်သမိုင်းကြောင်း၊ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်သဘာဝနှင့်ကိုက်ညီသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင် အရေးအကြီးဆုံးတစ်ခုဖြစ်သော အမျိုးသား ညီလာခံ ကျင်းပဆောင်ရွက်နေပြီကို အားလုံးအသိပင်ဖြစ်၊

☆ အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပပြီး ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အားလုံး တွင် တာဝန်ရှိ။

ရေမြေသယံဇာတကို အသုံးချသည့် စီးပွားရေးအင်အားစုများ ဖြစ်ထွန်းလာရန် ကူညီအားပေးနေ နိုင်ငံတော်၌ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်အများအပြား ဖြစ်ထွန်းပေါ်ထွက်လာရန်လိုအပ် အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပပြီး ရှေ့လုပ်ငန်းစဉ်(၇)ရပ်အောင်မြင်ရေး အားလုံးတွင်တာဝန်ရှိ ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်၊ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်အောင် ဇွဲသတ္တိရှိရှိအားထုတ်

ရန်ကုန် စက်တင်ဘာ ၁၆

နှစ်ရှည်ပင်လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေး(၇/၂၀၀၄)ကို ယနေ့နံနက် စနာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်ဆွေးနွေးပြီး အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကားပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၇-၉-၂၀၀၄
(သောကြာနေ့)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာအောင်ကြိုးပမ်း အမျိုးသားရေးပန်းတိုင်သို့ လက်တွဲညီညီလျှောက်လှမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ထူးခြားသော ဝိသေသမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ရေးနှစ်ပေါင်းများစွာကပင် ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်ကြခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝကိုပြန်လည်ရယူတည်ဆောက်နိုင်ခဲ့ကြသည်။

ဤအစဉ်အလာကောင်းများဖြင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရ အဓွန့်ရှည်တည်တံ့ခိုင်မြဲနေစေရေး ကာကွယ်စောင့်ရှောက်ကြရမည့် တာဝန်သည် နိုင်ငံသားတိုင်းက မျက်မှောက်ပြုရမည့် အမျိုးသားရေးတာဝန်ပင် ဖြစ်သည်။

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိနိုင်ရေး တစည်းတလုံးတည်း လက်တွဲကြိုးပမ်းစွမ်းဆောင်သွားကြရန် အစဉ်နှလုံးသွင်းထားကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန် တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ဖြစ်ထွန်းပြီး နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာသည့်အလျောက် စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖောက်ချလုပ်ကိုင်လာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကိုအလေးထားကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ယင်းသို့ကြိုးပမ်းစွမ်းဆောင်မှုကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၇ ဖွဲ့တို့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီး နိုင်ငံတော်အစိုးရနှင့်အတူ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

ယခုအခါ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများသည် ငြိမ်းချမ်းသာယာခြင်း၏ အကျိုးရလဒ်ကောင်းများကို ရရှိနေကြပြီဖြစ်သည်။ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကြောင်းကျိုးဆီလျော်မှန်ကန်သည့် မူဝါဒများဖြင့် လမ်းပြဖော်ဆောင်မှု၊ တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်သောစွမ်းအားဖြင့် ပါဝင်ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်း၊ ရလဒ်ကောင်းများ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးအညွှန်းကိန်းများသည် လျာထားမျှော်မှန်းသည်ထက် ပိုမိုတိုးတက်လျက်ရှိသည်။ ယင်းသို့ နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံများ ဖြစ်ထွန်းစေရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေးတို့ကို ဆောင်ရွက်နေခြင်းသည် ဒီမိုကရေစီစနစ်အတွက် အခြေခံအုတ်မြစ်များပင်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးခြင်း၏ အခြေခံဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာအောင် တည်ဆောက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေး အမျိုးသားရေးပန်းတိုင်သို့ လက်တွဲညီညီ လျှောက်လှမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြေအောက်ရေပိုက်များ လဲလှယ်မှု စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့မွန်းလွဲပိုင်းတွင် လသာမြို့နယ် ၂၂လမ်း(အလယ်လမ်း)တွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ လမ်းသူလမ်းသားများ သန့်ရှင်းသောသောက်သုံးရေများ ရရှိစေရန်အတွက် မြေအောက် ရေပိုက်ဟောင်းများနေရာတွင် ရေပိုက်အသစ်များ လဲလှယ်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့အား အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်ဟုတ်စိန်တို့က လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

မြို့တော်ဝန်က သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ပြည်သူများက ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီကြသည်ကို တွေ့ရကြောင်း၊ ဆက်လက်၍ လုပ်ငန်းတိုင်းတွင် ပူးပေါင်းမှု အစဉ်ရရှိစေရန် စည်းရုံးသွားကြရန်မှာကြားသည်။ (၁၉)

၁၀ရက် တရားစခန်း

ရန်ကုန် စက်တင်ဘာ ၁၆

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာ ကမ္မဋ္ဌာန်း နည်းပြဆရာကြီး ဦးသန်းရွှေ (ဒလ-အုံကြီး)က ကိုယ်တွေ့ဝိပဿနာ ရှုပွားနည်း ၁၀ရက် အထူးစခန်းကို စက်တင်ဘာ ၂၀ရက်မှ ၃၀ရက်အထိ ဓမ္မရသရိပ်သာ (ဒလ-အုံကြီး)တွင် ဟောပြောပို့ချမည်ဖြစ်သည်။

ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင်လည်း အောက်တိုဘာ ၁ရက်မှ၇ရက်ထိ ညနေ ၆နာရီမှ၇နာရီခွဲထိ ဟောပြောပို့ချမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

အကောင်းဆုံးရွေးချယ်မှု

☆ သူ့မမှီဘဲ၊ ကိုယ့်အားခဲလျှင်
တွန်းလှဲချင်သော၊ ထိုသဘော
စောကြောကြည့်ပါ၊ ဘယ်လိုဟာ။

☆ သူ့ကိုမှီက၊ သူ့လိုဘသာ
ဖြည့်မှကြိုက်သော၊ ထိုသဘော
စောကြောကြည့်ပါ၊ ဘယ်လိုဟာ။

☆ မှီလိုက်ပြန်လဲ၊ သူ့အတွက်ပဲ
မမှီပြန်လဲ၊ သူတွန်းလှဲ
ဘယ်ဟာရွေးမလဲ။

☆ သူ့ကိုမှီကာ၊ ရပ်တည်ပါလျှင်
ကြိုက်ရာသူစေ၊ ထားရာနေ
ကျွန်တွေဖြစ်မှာ၊ မလွဲပါ။

☆ သူ့မမှီဘဲ၊ သူတွန်းလှဲလည်း
မလဲခိုင်ကျည်၊ ရပ်တည်နိုင်မှု
ရေးရှုကြံဆောင်၊ ထူထောင်အင်အား
ပြုသွားခြင်းသာ၊ အကောင်းဆုံးပါ။ ။

မျိုးလွှား

ဝါတွင်းကာလ ရေဒီယိုဇာတ်လမ်း ထုတ်လွှင့်မည်

ရန်ကုန် စက်တင်ဘာ ၁၆

မောင်ဆန္ဒ(လယ်ဝေး)၏ ဗုဒ္ဓစာဥယျာဉ်(၂)မှဝတ္ထုကို တင်တင်အိဇာတ်ညွှန်းရေးသား စီစဉ်ထုတ်လွှင့်မည့် "မရာပြည့်" ဇာတ်လမ်းကို စက်တင်ဘာ ၁၉ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂ နာရီခွဲနှင့် စက်တင်ဘာ ၂၁ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မြန်မာ့အသံရေဒီယိုမှ ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် အနုပညာဦးစီးဌာနမှ ဒေါ်မြင့်မြင့်ကြည်၊ ဦးတင်ရွှေနှင့် မြန်မာ့အသံ ဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြပြီး နောက်ခံတေးဂီတများကိုမြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရွာစားစိန်မင်းသားဦးစီးသော မြန်မာဆိုင်းဝိုင်းကြီးက တီးခတ်ထားသည်။ (သတင်းစဉ်)

ကောင်းခါးဒေသနှင့် လောက်ကိုင်ဒေသ ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၀ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိပြီး ဘိန်းအစားထိုးသီးနှံထွက်ကုန် ပန်းဂျုံကို တန်ဖိုးမြှင့် ထုတ်ကုန်ပြုလုပ်ရေးအတွက် ရွှေကျီးမုန့်လုပ်ငန်းတွင် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် ပူးပေါင်းစမ်းသပ် ဆောင်ရွက်နေသော ပန်းဂျုံအမှုန့်ကြိတ်ခြင်း၊ ခေါက်ဆွဲခြောက်ထုတ်လုပ်ခြင်းနှင့် အခြားပန်းဂျုံမုန့်များ စမ်းသပ်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းတွင် သီပေါမြို့သို့ ရောက်ရှိပြီး ဘော်ကြိုသကြားစက်ကို ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေသည် WFP ဌာနချုပ်ရုံးမှ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး Ms. Sheila Sisulu၊ WFP ဒေသရုံး (ဗန်ကောက်) ညွှန်ကြားရေးမှူး Mr. Oshidar ၊ WFP မြန်မာနိုင်ငံရုံး ညွှန်ကြားရေးမှူး Mr. Bhim Udas တို့နှင့်အတူ စက်တင်ဘာ၁၂ရက် နံနက်ပိုင်းတွင် သိန်းနီမြို့နယ် ပန်ဖတ်ကျေးရွာနှင့် မိုင်လီကျေးရွာများ၌ WFP မှ ဆန်ဖြန့်ဝေမှု အစီအစဉ်များကို ကြည့်ရှုစစ်ဆေးသည်။ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ယင်းနေ့ မွန်းလွဲပိုင်းတွင် ကောင်းခါးသို့ ရောက်ရှိပြီး လက်ဖက်စိုက်ခင်းများကို ကြည့်ရှုလေ့လာကာ ဘိန်းအစားထိုး သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ WFPဆန်ဝေလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် စက်တင်ဘာ၁၂ရက် ညနေပိုင်းတွင် လောက်ကိုင်မြို့သို့ရောက်ရှိပြီး ဒေသမှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးထုတ်လုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် စက်တင်ဘာ၁၃ရက်တွင် လောက်ကိုင်မြို့ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးသင်တန်းကျောင်းကိုကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာရာ လုံထန်ရွာသို့ရောက်ရှိသည်။ လုံထန်ရွာတွင် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုပြီး ပထမဆုံးစပါးစမ်းသပ်စိုက်ပျိုးအောင်မြင်မှုများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေ လောက်ကိုင်ဒေသ လုံထန်ရွာရှိ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊စပါးစမ်းသပ်စိုက်ခင်းများ ကြည့်ရှုစစ်ဆေးစဉ်။
(နယ်စပ်/စည်ပင်)

အီရတ်စစ်ပွဲသည် တရားသော စစ်ပွဲမဟုတ်ဟု ကိုဖီအာနန် ဘီဘီစီအား ပြောကြား
အီရတ်အား ကျူးကျော်တိုက်ခိုက်ခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် မကိုက်ညီဟုဆို

BBC NEWS WORLD EDITION
Last Updated: Thursday, 16 September, 2004, 02:12 GMT 03:12 UK
Email this to a friend Printable version
Iraq war illegal, says Annan
The United Nations Secretary-General Kofi Annan has told the BBC the US-led invasion of Iraq was an illegal act that contravened the UN charter.
IRAQ IN TRA
KEY STORIES
Iraq war illegal, say
Iraq suffers day of
US to change Iraq
UN to help tackle
FEATURES AND ...

[ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် ဘီဘီစီသတင်းဌာနတို့ တွေ့ဆုံမေးမြန်းခန်းသတင်းကို **Iraq war illegal, says Annan** *ဟူသောခေါင်းစဉ်ဖြင့် ၁၆-၉-၂၀၀၄ ရက်စွဲပါ* **BBC NEWS WORLD EDITION** *ကဏ္ဍ၌ ဖော်ပြထားသည်ကို အင်တာနက်၌ တွေ့ရှိရသဖြင့် ဘာသာပြန်ဆို ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။]*

ယူကေ စက်တင်ဘာ ၁၆

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် မကိုက်ညီသည့်အပြင် တရားမျှတမှုနှင့်ဆန့်ကျင်နေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဘီဘီစီအား ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအား ယင်းသို့အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ခြင်းကို တစ်ဦးတစ်ဖွဲ့က တစ်ဖက်သတ် မလုပ်သင့်ဘဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီကသာ ဆုံးဖြတ်သင့်သည်ဟု ၎င်းကဆိုသည်။

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ သိသိသာသာတိုးတက်မှုမရှိသေးသည်နှင့်အမျှ ဇန်နဝါရီလတွင် ကျင်းပရန် စီစဉ်ထားသည့် ရွေးကောက်ပွဲမကျင်းပနိုင်မည်ကို မိမိ စိုးရိမ်ပူပန်မိကြောင်းလည်း ကိုဖီအာနန်က ပြောကြားသွားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဆက်လက်ပြောကြားရာတွင် အီရတ်စစ်ပွဲစတင်ကတည်းက ခါးသီးနာကြည်ဖွယ်ကောင်းသော သင်ခန်းစာများကို ကိုယ်စီကိုယ်ငရရှိထားကြပြီးဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု၊ ကုလသမဂ္ဂနှင့် အခြားသောအဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် သင်ခန်းစာပင်ဖြစ်ကြောင်း၊ နိုင်ငံများအချင်းချင်း လက်တွဲပူးပေါင်းပြီး ကုလသမဂ္ဂမှတစ်ဆင့် ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု နောက်ဆုံးတွင် လူတိုင်းက ကောက်ချက်ချမည်သာဖြစ်ကြောင်း ဘီဘီစီနှင့်တွေ့ဆုံမေးမြန်းခန်းတွင် ကိုဖီအာနန်က ပြောကြားသည်။

ကုလသမဂ္ဂ၏ အတည်ပြုချက်နှင့် နိုင်ငံတကာအသိုက်အဝန်း၏ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုမရရှိဘဲ ထိုအီရတ်ပုံစံစစ်ဆင်ရေးမျိုးကို နောင်အရှည်ကာလတွင် မိမိတို့ တွေ့မြင်ကြရတော့မည်မဟုတ်ဟု မိမိ မျှော်လင့်ကြောင်းဖြင့်လည်း ၎င်းက ထည့်သွင်းပြောကြားသွားသည်။

အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခြင်းသည် တရားဝင်၊ မဝင် ၎င်း၏အမြင်ကို မေးမြန်းရာ၌ ကိုဖီအာနန်က ယင်းစစ်ပွဲသည် မိမိတို့အမြင်တွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် မညီညွတ်ကြောင်း၊ ပဋိညာဉ်စာတမ်းရှုထောင့်မှကြည့်လျှင် ယင်းစစ်ပွဲသည် တရားမျှတမှုနှင့် ဆန့်ကျင်သည့်စစ်ပွဲဖြစ်ကြောင်း ဖြေကြားသွားသည်။

အီရတ်ရွေးကောက်ပွဲမကျင်းပမီတွင် ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံအား အကြံဉာဏ်နှင့် အကူအညီများပေးသွားမည်ဖြစ်ကြောင်း၊ သို့သော်ရွေးကောက်ပွဲကို အစီအစဉ်အတိုင်း ကျင်းပရေးကိစ္စမှာ အီရတ်ကြားဖြတ်အစိုးရပေါ်တွင်မူတည်ကြောင်း၊ အီရတ်နိုင်ငံ၏လုံခြုံရေးအခြေအနေ ယခုအတိုင်းသာ ဆက်လက်ဖြစ်ပွားနေမည်ဆိုပါက ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲမျိုးဖြစ်မလာနိုင်ကြောင်းဖြင့်လည်း ကိုဖီအာနန်က ဆက်လက်သတိပေးပြောကြားလိုက်သည်။

အီရတ်နိုင်ငံကို စစ်အင်အားအသုံးပြုတိုက်ခိုက်မှုအတွက် ဗြိတိန်အစိုးရ၏ ရပ်တည်ချက်သည် တရားဥပဒေနှင့် ညီညွတ်ကြောင်း ရှေ့နေချုပ်ကဆိုထားသည်ဟု ဗြိတိန်နိုင်ငံခြားရေးရုံး ပြောခွင့်ရပုဂ္ဂိုလ်က ကိုဖီအာနန်၏ပြောကြားချက်ကို တုံ့ပြန်ပြောကြားလိုက်သည်။

အီရတ်ရွေးကောက်ပွဲကို ဇန်နဝါရီလတွင် ကျင်းပနိုင်အောင် အပြည့်အဝ တာဝန်ယူထားကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီဥပဒေများကိုလည်း အတည်ပြုပြီး လွတ်လပ်သော ရွေးကောက်ပွဲကျင်းပရေးကော်မရှင်တစ်ရပ်ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်မှာ ကြီးမားလှပြီး သတ်မှတ်ချိန်မှာ တိုတောင်းလှကြောင်း၊ သို့ရာတွင် အီရတ်ပြည်သူများက ရွေးကောက်ပွဲပြုလုပ်ရန် အမှန်တကယ်ပင် လိုလားကြောင်း အဆိုပါပြောရေးဆိုခွင့်ရ အမျိုးသမီးက ဆက်လက်ပြောကြားသည်။

အီရတ်ရွေးကောက်ပွဲကျင်းပရေးသည် ပုံမှန်လမ်းကြောင်းပေါ်တွင် ရှိနေဆဲဖြစ်သည်ဟုလည်း ဗြိတိသျှကြည်းတပ်ဗိုလ်ချုပ်ကြီး ဆာမိုက်ဂျက်ဆင်က စက်တင်ဘာ ၁၅ ရက်နေ့၌ ဘီဘီစီအသံလွှင့်အစီအစဉ်မှတစ်ဆင့် ပြောကြားသည်။

လူတိုင်းလူတိုင်း လိုအပ်သော ကြိုးပမ်းအားထုတ်မှုများပြုလုပ်ပြီး အစီအစဉ်များ စနစ်တကျ ချမှတ်နိုင်မည်ဆိုလျှင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်လိမ့်မည်ဟု အီရတ်ပြည်သူတို့က လုံးဝယုံကြည်ထားကြောင်းဖြင့် ၎င်းက ပြောကြားသည်။

လူ ၄၇ ဦး သေဆုံးခဲ့ရသော ဘဂ္ဂဒက်မြို့လယ် အီရတ်ရဲစခန်းအနီး ကားဗုံးပေါက်ကွဲမှုနှင့် လူ ၁၂ ဦးသေဆုံးခဲ့ရသည့် ဘာကူဘာမြို့တွင်း ရဲကားတစ်စီးကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားပြီး နောက်တစ်ရက်တွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အကြမ်းဖက်မှုများကြောင့် မဲပေးမှုအချို့ကို ထိခိုက်ကောင်း ထိခိုက်နိုင်သော်လည်း ရွေးကောက်ပွဲကြီး တစ်ခုလုံးအနေဖြင့်မူ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးချုပ် အာလာဝီက ယခု သီတင်းပတ်အစပိုင်းတွင် ပြောကြားခဲ့သည်။

မည်သို့ဆိုစေကာမူ အကြမ်းဖက်သမားများ၏ ပယောဂကြောင့် လူသုံးသိန်းခန့် မဲမထည့်သည့်တိုင်အောင် လူ ၂၅ သန်း မဲပေးမှုကို ထိခိုက်ပြောင်းလဲသွားစေမည် မဟုတ်ကြောင်းဖြင့်လည်း ဝန်ကြီးချုပ် အာလာဝီက တိုင်းမ်စ်နှင့်ဂါဒီယန် သတင်းထောက်များအား ပြောကြားလိုက်သည်။

ပြဿနာများရှိနိုင်ကြောင်း၊ သို့သော် ယင်းပြဿနာကြောင့် ရွေးကောက်ပွဲကို ထိခိုက်လိမ့်မည်ဟု မထင်ကြောင်းဖြင့်လည်း၎င်းက ပြောကြားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်ကလည်း အဆိုပါ ဘီဘီစီနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလမ်းပြမြေပုံနှင့် ပတ်သက်၍လည်း များစွာစိတ်ပျက်မိကြောင်း ဝန်ခံပြောကြားသွားသည်။

ယင်းကဲ့သို့ စိတ်ပျက်မိသော်လည်း မိမိတို့အနေဖြင့် လက်မြှောက်အရှုံးမပေးကြောင်း၊ အခြေအနေအရပ်ရပ်ကို သုံးသပ်ရန်နှင့် ရှေ့ဆက်လက်၍ မည်သို့မည်ပုံဆောင်ရွက်မည်ကို ညှိနှိုင်းရန်အတွက် လာမည့်သီတင်းပတ်တွင် အမေရိကန်ပြည်ထောင်စု၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ(အီးယူ)နှင့် ရုရှားတို့ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်းလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

အင်တာနက်။

လူစည်ကားသည့် ဘဂ္ဂဒက်ဈေးအတွင်း ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

ဘဂ္ဂဒက်မြို့ ရဲစခန်းအနီး လူစည်ကားသော ဈေးတစ်ခုအတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူ ၃၅ ဦး သေဆုံးသွားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြလိုက်သည်။

ပေါက်ကွဲသွားသောဗုံးမှာ ကားဗုံးအမျိုးအစားဖြစ်ပြီး ဟိုင်ဖာလမ်းပေါ်တွင်ရှိသော ရဲစခန်းကို ရည်ရွယ်ဖောက်ခွဲခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်နှင့်အီရတ်ကြားဖြတ်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနတို့မှလာသော သတင်းများက ဆိုသည်။ အခင်းဖြစ်ပွားရာ၌ ရှိနေကြသော မျက်မြင် တွေ့ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များထံမှ ရရှိသော သတင်းမှာမူ အထက်ပါသတင်းနှင့် ကွဲလွဲလျက်ရှိသည်။ မျက်မြင်တွေ့ရှိသူများက အဆိုပါနေရာသို့ စိန်ပြောင်းဗုံးသီးနှစ်လုံးကျရောက် ပေါက်ကွဲခြင်း ဖြစ်ကြောင်း ပြောဆိုကြသည်။

ပေါက်ကွဲမှုဖြစ်ပွားရာနေရာအနီးတွင် အလောင်း ၁၅ လောင်းကို ရေတွက်၍ ရခဲ့ကြောင်း ရိုက်တာသတင်းထောက် မာရီအမ်ကာရိုနိုင်က ပြောကြားသည်။ ဆေးရုံ ရေခဲတိုက်သို့ ရောက်လာသော အလောင်းဦးရေမှာ အနည်းဆုံး ၂၀ မျှ ရှိကြောင်း ရိုက်တာရုပ်သံကင်မရာ ဆရာအလာဆာဒ်က ပြောကြားသည်။

ကယ်ဆယ်ရေးသမားများသည် ပျက်စီးသွားသော ဈေးဆိုင်များအတွင်းမှ အလောင်းများကို ဆွဲထုတ်ခဲ့ကြရသည်။ အခင်းဖြစ်ပွားရာ နေရာတစ်ဝိုက်တွင် ဖိနပ်များ၊ အဝတ်အစားများ၊ လူခန္ဓာ အစိတ်အပိုင်းများနှင့် ဆိုင်တန်းများမှ ဟင်းသီးဟင်းရွက် သစ်သီးဝလံများဖြင့် မြင်မကောင်းအောင် ပြန့်ကျဲလျက်ရှိသည်ကို တွေ့ကြောင်းသိရသည်။ ပေါက်ကွဲမှုကြောင့် လမ်းမပေါ်တွင် မြေကျင်းကြီး ဖြစ်ပေါ်ကျန်ခဲ့သည်။ ထို့အပြင် မော်တော်ယာဉ်ကိုးစီးခန့်လည်း ပျက်စီးသွားကြောင်း သိရသည်။ သူနာပြုယာဉ်များမှာ သေဆုံးသူများနှင့် ဒဏ်ရာရသူများကို အခေါက်ခေါက် အခါခါ သယ်ယူပေးခဲ့ကြသည်။ ထိုအချိန်တွင် အမေရိကန် ရဟတ်ယာဉ်များမှာလည်း ပေါက်ကွဲရာနေရာ၏ ကောင်းကင်ယံတွင် ပျံဝဲလျက်ရှိကြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဂ္ဂဒက်မြို့ ဟိုင်ဖာလမ်းပေါ်ရှိ ရဲစခန်းအပြင်ဘက်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို စစ်ဆေးကြည့်ရှုနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ
The Mirror

နိုင်ငံတကာ သတင်းများ

အီရတ်၌ သေဆုံးသည့်ကန်တပ်ဖွဲ့ဝင် စက်တင်ဘာ ၁၅ရက်အထိ ၁၀၁၉ ဦးရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ်မတ်လက စစ်ဆင်မှုများစတင်ပြုလုပ်ခဲ့ချိန်မှ ယခုနှစ် စက်တင်ဘာလ ၁၅ ရက်အထိ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၀၁၉ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၇၆၉ ဦးမှာ တိုက်ခိုက်မှုများကြောင့်သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၂၅၀ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

ထိုကာလအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၆၅ဦး၊ အီတလီတပ်ဖွဲ့ဝင် ၁၉ ဦး၊ ပိုလန် တပ်ဖွဲ့ဝင် ၁၃ ဦး၊ စပိန်တပ်ဖွဲ့ဝင် ၁၁ ဦး၊ ဘူလ်ဂေးရီးယား ခြောက်ဦး၊ ယူကရိန်းခြောက်ဦး၊ စလိုဗက်ကီးယား သုံးဦး၊ အခြားတပ်ဖွဲ့ဝင် နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလင်တို့ တစ်ဦးစီ အသီးသီးသေဆုံးခဲ့ကြသည်။

အီရတ်နိုင်ငံတွင် အရေးပါသည့်စစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ် ကြေညာခဲ့သည့် ၂၀၀၃ ခုနှစ် မေ ၁ ရက်နောက်ပိုင်း သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၈၁ ဦး ရှိခဲ့သည်။ ယင်းအနက် ၆၅၆ဦးမှာတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၂၂၅ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။

အင်တာနက်။

အီရတ်စစ်ပွဲဆင်နွှဲခဲ့သည့် အကြောင်းပြချက်ကို စွန့်လွှတ်ရန် ဘုရှ်အစိုးရအဆင်သင့်ရှိနေ

ဝါရှင်တန် စက်တင်ဘာ ၁၅

အီရတ်စစ်ပွဲဆင်နွှဲခဲ့ရာတွင် အဓိကဖြစ်ခဲ့သည့် အကြောင်းပြချက်ကို ဘုရှ်အစိုးရက စွန့်လွှတ်ရန် အဆင်သင့်ရှိနေပြီဖြစ်သည်။ ဆက်ဒမ်ဟူစိန်သည် အီရတ်နိုင်ငံတွင် ဓာတုနှင့်ဇီဝလက်နက်များ သိုလှောင်ထားပြီး အမေရိကန်ပြည်ထောင်စုအား တိုက်ခိုက်လာနိုင်မှုကိုကာကွယ်ရန်ဟူသော အကြောင်းပြချက်ကို အီရတ်စစ်ပွဲဆင်နွှဲရာတွင် ဘုရှ်အစိုးရကအသုံးပြုရန် ကြိုတင်ပြင်ဆင်ထားခဲ့သည်။ အီရတ်စစ်ပွဲမဖြစ်ပွားမီက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကောလင်းပါဝဲလ် ကုလသမဂ္ဂတွင် တင်ပြခဲ့သည့် တင်ပြချက်ကို အထက်လွှတ်တော်အစိုးရရေးရာကော်မတီ ရှေ့မှောက်တွင် သက်သေထွက်စဉ် ပြန်လည်ရုပ်သိမ်းခဲ့သည်။

အီရတ်တွင် ဓာတု၊ ဇီဝလက်နက်များရှိကြောင်း ယုံကြည်စေနိုင်သည့်အကြောင်းအချက်ရှိနေကြောင်း၊ ယင်းလက်နက်များ၏ အတိုင်းအတာ အရေအတွက်နှင့်ပတ်သက်သည့် ပြဿနာသာရှိကြောင်း၊ မိမိတို့အနေဖြင့် ယင်းလက်နက်များ အစုအပြုံလိုက်ရှိနေသည်ဟု ယုံကြည်ထားကြကြောင်း ပါဝဲလ်က ပြောကြားသည်။ မည်သို့ပင်ဖြစ်စေကာမူ မိမိတို့ ယင်းအစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များမတွေ့ရှိခဲ့သေးကြောင်း ပါဝဲလ်က ပြောကြားခဲ့သည်။

ယင်းအစုအပြုံလိုက် လက်နက်များ ရှာဖွေတွေ့ရှိနိုင်ဖွယ်မရှိဟု မိမိတို့ထင်မြင်မိကြောင်း၊ ယခုလုပ်ရမည့်လုပ်ငန်းစဉ်မှာ အီရတ်နိုင်ငံသို့ တစ်ဖန်ပြန်သွားပြီး မိမိတို့အဘယ်ကြောင့် ဆုံးဖြတ်ချက် အမျိုးမျိုး ချမှတ်ခဲ့ကြသည်ဟူသော အကြောင်းကို ရှာဖွေရန်သာဖြစ်ကြောင်း၊ အချို့သောသတင်းများကို အခြေခံပြီး ကုလသမဂ္ဂသို့ တင်ပြခဲ့မှုများသည် အားနည်းချက်ရှိနေကြောင်း တွေ့ရှိခဲ့သည်ဟု ပါဝဲလ်က အီရတ်စစ်ပွဲပြီးသည့်နောက်ပိုင်းက ပြောကြားခဲ့သည်။ ပါဝဲလ်က မည်သည့်နေရာတွင် အတွေးအခေါ်များယွင်းခဲ့ကြောင်းကိုမူ အသေးစိတ်မပြောထားပေ။ ကုလသမဂ္ဂသို့မတင်ပြမီ အီရတ်ဆန့်ကျင်ရေးစိတ်ဓာတ်များ ပြင်းထန်နေချိန်တွင် ပါဝဲလ်က ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ) ညွှန်ကြားရေးမှူး ဂျော့ဂျ်၊ တင်းနက်နှင့် အခြားစီအိုင်အေတာဝန်ရှိပုဂ္ဂိုလ်များနှင့် လေးရက်ကြာညှိနှိုင်းတိုင်ပင်ခဲ့ကြသည်။ ခိုင်မာတောင့်တင်းသည့် အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူးတစ်ဦးသည် အမေရိကန်နိုင်ငံ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သူများ အသုံးပြုနိုင်သော ထောက်လှမ်းရေး သတင်းအရည်အသွေးကိုမြင့်မားစေရန် ဆောင်ရွက်ပေးနိုင်သည်ဟု ယုံကြည်ကြောင်း ပါဝဲလ်က ဖော်ပြပါကော်မတီတွင် ပြောကြားသွားသည်။ ***အင်တာနက်။***

အီရတ်တွင်ဖြစ်ပွားသည့် တိုက်ခိုက်မှုများကို အာရပ်အဖွဲ့ချုပ်ပြစ်တင်ရှုတ်ချ

ကိုင်ရို စက်တင်ဘာ ၁၄

အာရပ်အဖွဲ့ချုပ်က အီရတ်နိုင်ငံတွင်ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများကို ပြစ်တင်ရှုတ်ချပြောကြားလိုက်ပြီး အာရပ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဘဂ္ဂဒက်ရှိ အီရတ်ကြားဖြတ်အစိုးရနှင့် သံတမန်အပြည့်အဝ ဆက်ဆံကြပြီး တတ်စွမ်းသမျှ ထောက်ပံ့မှုပေးကြရန် တိုက်တွန်းလိုက်သည်။ အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုတွင် အာရပ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး၌ ထုတ်ပြန်သည့်ကြေညာချက်တွင် ယင်းသို့ဖော်ပြထားခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအား သိမ်းပိုက်ထားမှုကို တွန်းလှန်တိုက်ခိုက်မှုသည် ဓမ္မတာပင်ဖြစ်ကြောင်း၊ သို့ရာတွင် သတ်ဖြတ်ပြခြင်းအဓိပ္ပာယ်ဟု မဆိုလိုကြောင်း စသည်ဖြင့် မောရစ်သျှနိုင်ငံခြားရေးဝန်ကြီးနှင့် ပူးတွဲကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အာရပ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အမားမူဆာက သတင်းထောက်များအား ပြောကြားသည်။

အကြမ်းဖက်မှုနှင့် သိမ်းပိုက်မှုအား တွန်းလှန်တိုက်ခိုက်မှုအတွင်း ပြတ်သားသည့် စည်းခြားမှုရှိနေကြောင်း အမားမူဆာက အကြမ်းဖက်လုပ်ရပ် ကျူးလွန်နေသည့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများကို ရည်ညွှန်းပြောကြားခြင်းဖြစ်သည်။

တူညီမှုရရှိရေး၊ သနားညှာတာမှုနှင့် သည်းခံခြင်း တရားများကို အခြေခံထားပြီး အပြစ်မဲ့သူများအား အန္တရာယ်မဖြစ်စေရန် တားမြစ်ထားကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းကြေညာချက်တွင် အရပ်သားများ၊ လုံခြုံရေးဝန်ထမ်း၊ ရဲတပ်ဖွဲ့၊ လူမှုအကူအညီပေးဌာနများ၊ ဘာသာရေးအသင်းအဖွဲ့များအား ပစ်မှတ်ထားနေသည့် အီရတ်မှ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အကြမ်းဖက်အဖွဲ့များ၏ ပြန်ပေးဆွဲမှုမှန်သမျှ ရှုတ်ချပြစ်တင်ထားသည်။ အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ပါဝင်နေသည့် အာရပ်နိုင်ငံနှင့် ပြည်ပနိုင်ငံများမှ ကုမ္ပဏီဝန်ထမ်းများ အီရတ်ပြည်သူလူထုအား ကူညီပံ့ပိုးနေသည့် နိုင်ငံတကာနှင့် လူမှုအကူအညီပေးအဖွဲ့မှ ဝန်ထမ်းများ၊ သံတမန်အဖွဲ့ဝင်များနှင့် သတင်းစာဆရာများအား ပြန်ပေးဆွဲမှုကိုလည်း ယင်းကြေညာချက်တွင် ရှုတ်ချထားသည်။

အာရပ် နိုင်ငံခြားရေးဝန်ကြီးများက အီရတ်ရှိ အမေရိကန် ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့အနေဖြင့် အပြစ်မဲ့ပြည်သူများ အသက် အန္တရာယ်ဖြစ်စေသည့် ထိုးစစ်ဆင်မှုများကိုလည်း ပြင်းထန်စွာ ရှုတ်ချထားသည်။

အီရတ်မြို့ရွာ အသီးသီးတွင် အီရတ်အရပ်သူ၊ အရပ်သားများအား ပစ်မှတ်ထားကာ စစ်ဘက်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုနှင့် ထိုးစစ်ဆင်မှုများ ပြုလုပ်ခြင်းကြောင့် အပြစ်မဲ့သူများ သေဆုံးမှုကိုလည်း ယင်းကြေညာချက်တွင် ရှုတ်ချထားပြီး ၎င်းလုပ်ရပ်များ အဆုံးသတ်ရန် တောင်းဆိုထားသည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်မြို့လယ်တွင် ပေါက်ကွဲမှုဖြစ်ပွားရာနေရာ၌ ဒဏ်ရာရရှိသူများအား စက်တင်ဘာ ၁၄ ရက်က သယ်ဆောင်လာသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စက်တင်ဘာ ၁၄ ရက်က ဘဂ္ဂဒက်မြို့လယ် ရဲဌာနချုပ်အနီးတွင် ကားဗုံးပေါက်ကွဲပြီးနောက် မီးလောင်ကျွမ်းနေသည့် ကားတစ်စီးကို မီးသတ်သမားများက ငြိမ်းသတ်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးကြိုးပမ်းချက်များကို မယုံကြည် အီရတ်ကို အချုပ်အခြာအာဏာ အပြည့်အဝပေးရန် လိုအပ်ဟု စပိန်ပြောကြား

တူနစ် စက်တင်ဘာ ၁၄

အမေရိကန် ပြည်ထောင်စုအနေဖြင့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ကြိုးပမ်းမှုများနှင့်ပတ်သက်၍ အများက ယုံကြည် လက်ခံနိုင်မှုမရရှိကြောင်း၊ အီရတ်နိုင်ငံကိုလည်း အချုပ်အခြာ အပြည့်အဝ ပြန်ပေးအပ်ရန် လိုအပ်ကြောင်း တူနီးရှားနိုင်ငံသို့ အလည်အပတ်သွားရောက်နေသည့် စပိန်ဝန်ကြီးချုပ် ဇာပါတာရိုက ကြာသပတေးနေ့က ပြောကြားလိုက်သည်။

အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်ပြီး စစ်ရေးအရ စွက်ဖက်မှုသည် လုံးဝအကျိုးဖြစ်ထွန်းမှု မရှိကြောင်း တူနီးရှားခရီးစဉ်သွားရောက်ခဲ့ပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းကပြောကြားသည်။

တာဝန်ရှိ

ယင်းသို့ ပြောင်ပြောင်တင်းတင်း အမှားတစ်ရပ် ကျူးလွန်ခဲ့သူများအနေဖြင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အစီအစဉ်အား အကောင်အထည်ဖော်နိုင်ခွင့် မရှိကြောင်း၊ ယင်းကြောင့် ဥရောပ၊ ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့တွင် ကြီးမားသည့်အခန်းကဏ္ဍနှင့်ပတ်သက်၍ တာဝန်ရှိကြောင်း ဇာပါတာရိုက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲကို ကျူးဘားဝေဖန်

ဟာဗားနား စက်တင်ဘာ ၁၄

အမေရိကန်အစိုးရသည် ၎င်း၏အစိုးရခိုင်မာကျစ်လျစ်စေရေး ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲကို ဆင်နွှဲခဲ့ခြင်းဖြင့် တစ်ကမ္ဘာလုံးချောက်ချားမှုဖြစ်စေရန် လုပ်ဆောင်နေကြောင်း ကျူးဘားနေ့စဉ်သတင်းစာ ဂရမ်မာက စနေနေ့ကရေးသားလိုက်သည်။

နယူးယောက်နှင့် ဝါရှင်တန်မြို့များတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားအပြီး သုံးနှစ်အကြာတွင် သမ္မတဂျော့ဂျ်၊ ဘုရှ်အစိုးရအဖွဲ့က လူအများအပြားသေကျေစေသော စစ်ပွဲကိုဆင်နွှဲခဲ့ပြီး လူမျိုးခွဲခြားရေး၊ ဖိုလ်ကျစိုးမိုးရေး၊ ကိုလိုနီလက်သစ်ဝါဒများနှင့် မုသာဝါဒအခြေပြုသည့် အတွေးအခေါ်တို့ကို လက်တွေ့ကျင့်သုံးခဲ့ကြောင်း အဆိုပါသတင်းစာက ဆက်လက်ရေးသားသည်။

ယင်းကဲ့သို့သောတိုက်ခိုက်မှုများအား ကာကွယ်တားဆီးသည့် အလားအလာများကို မည်သည့်အတွက်ကြောင့် အလေးဂရုမပြုခဲ့သနည်းဟု သတင်းစာက မေးခွန်းထုတ်ထားသည်။ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲကို ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံတွင် ပါဝင်သည့် အာဖဂန်နစ္စတန်၌ စတင်ဖော်ဆောင်ခဲ့ပြီး၊ ယင်းစစ်ပွဲကြောင့် လူများထောင်ချီသေဆုံးကာ နိုင်ငံတွင်းရှိ မြို့ပေါင်းများစွာ ပျက်စီးခဲ့ကြရကြောင်း၊ သို့သော် အကြမ်းဖက်ခေါင်းဆောင် အိုစမာဘင်လာဒင်အား ယခုတိုင် ရှာဖွေတွေ့ရှိခြင်းမရှိသေးကြောင်း သတင်းစာက ရေးသားထားသည်။

အာဖဂန်နစ္စတန်နိုင်ငံကို ယခုထက်တိုင် ပြည်ပတပ်ဖွဲ့ဝင်များက သိမ်းပိုက်ထားကြပြီး ယင်းနိုင်ငံသည် ဆင်းရဲမွဲတေလျက်ပင်ရှိသေးကြောင်း၊ နိုင်ငံ၏ အခြေအနေမှာ တည်ငြိမ်မှုမရှိသေးဘဲ ဘိန်းထုတ်လုပ်မှုမှာလည်း ကြီးမားလျက်ရှိကြောင်း သတင်းစာက ကောက်ချက်ချ ရေးသားသည်။

အီရတ်နိုင်ငံ၏ရေနံကို လက်ဝါးကြီးအုပ်လိုသော အမေရိကန်အစိုးရက အီရတ်တွင် နျူကလီးယားနှင့် ဓာတုလက်နက်များရှိသည်ဟု မုသားသုံးကာ အီရတ်ပြည်သူလူထုအား ထိခိုက်နစ်နာအောင် လုပ်ဆောင်ခဲ့ကြောင်း ဂရမ်မာနေ့စဉ်သတင်းစာက ရေးသားသည်။

အမေရိကန်ပြည်ထောင်စုအား စက်တင်ဘာ ၁၁ ရက်က တိုက်ခိုက်မှုပြီးခဲ့သည့်နောက် သုံးနှစ်ကြာတွင် သမ္မတဘုရှ်၏ ထိပ်တိုက် ရင်ဆိုင်တွေ့ဆုံရေးမူဝါဒကြောင့် ပြည်သူအများအပြား လုံခြုံမှုမရှိတော့ဟုခံစားလာခဲ့ပြီး အမေရိကန်ပြည်ထောင်စုက အခြားနယ်မြေပိုင်နက်များအား ကျူးကျော်သိမ်းပိုက်မည်ဟု စိုးရိမ်မှုများပိုမိုရှိစေခဲ့ကြောင်း၊ သို့ရာတွင် ယင်းဒေသများအား ထိန်းချုပ်နိုင်စွမ်းမရှိကြောင်း ဂရမ်မာသတင်းစာက နိဂုံးချုပ်၍ရေးသားထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယသမုဒ္ဒရာ မဒါဂါစကာကျွန်းတွင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဝက်သက်ကာကွယ်ဆေးထိုး

တိုအာမာဆင်နာ(မဒါဂါစကာ) စက်တင်ဘာ ၁၅

မဒါဂါစကာကျွန်းနိုင်ငံတွင် ဝက်သက်ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်တစ်ရပ်ကို ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က စက်တင်ဘာလ ၁၃ ရက်တွင် စတင်ဆောင်ရွက်လိုက်သည်။ ထိုနိုင်ငံရှိ ကလေးပေါင်း ၇ ဒသမ ၆ သန်းတို့ကို ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သည်။ ဝက်သက်ရောဂါသည် သေစေနိုင်သောကူးစက်ရောဂါတစ်မျိုးဖြစ်သည်။

ဝက်သက်သည် ကြိုတင်ကာကွယ်နိုင်သော ရောဂါတစ်မျိုးဖြစ်သည်။ ကမ္ဘာပေါ်တွင် ၂၀၀၀ပြည့်နှစ်က လူမမယ်အရွယ် ကလေးငယ်ပေါင်း ၁ ဒသမ ၇ သန်း သေဆုံးခဲ့ရသည်။ ထိုအရေအတွက်အနက် ထက်ဝက်မှာ ဝက်သက်ရောဂါကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ယူနီဆက်ဖ်ကဆိုသည်။

အခြေအနေ

မဒါဂါစကာနိုင်ငံရှိ ကလေးငါးဦးတွင် နှစ်ဦးသာလျှင် ဝက်သက်ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးထားနိုင်သော အခြေအနေရှိသည်။

ယခုပြုလုပ်မည့် ဝက်သက်ကာကွယ်ဆေး ထိုးနှံရေး အစီအစဉ်သည် အာဖရိကဒေသတွင် ပြုလုပ်သည့် အကြီးဆုံးကာကွယ်ဆေး ထိုးနှံရေး အစီအစဉ်ဖြစ်၏။ လက်ရှိအခြေအနေအရဆိုလျှင် ဝက်သက်ကာကွယ်ဆေး ထိုးနှံပြီးသူဦးရေ လွန်စွာနည်းပါးသဖြင့် ဝက်သက်ရောဂါ ဖြစ်ပွားရန် အခွင့်အလမ်းများပြားလျက် ရှိကြောင်း မစ်ဘာရိုတ်ကပြောကြားသည်။ သူမသည် မဒါဂါစကာရှိ ယူနီဆက်ဖ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးဖြစ်သည်။

ပြီးဆုံး

မဒါဂါစကာကျွန်းပေါ်တွင် နေထိုင်သော အသက် ၉ လမှ ၁၄ နှစ်အရွယ်ရှိ ကလေးများကို ယူနီဆက်ဖ်အဖွဲ့နှင့် စေတနာ့ဝန်ထမ်းအဖွဲ့သားများက ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးကြမည်။ ထိုကျွန်း နိုင်ငံတွင် လူဦးရေ ၁၆ သန်း ရှိသည့်အနက် ထက်ဝက်မျှရှိသော ကလေးများကို ဝက်သက် ကာကွယ်ဆေးထိုးနှံပေးမည့်လုပ်ငန်းမှာ လာမည့် အောက်တိုဘာ ၈ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ညှိနှိုင်း

အဆိုပါ ကာကွယ်ဆေး ထိုးနှံရေးအစီအစဉ်သည် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ခုနစ်သန်းရှိမည် ဖြစ်သည်။ အခက်အခဲများနှင့် ဆောင်ရွက်သွားရမည့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို စေတနာရှင် ဝန်ထမ်းပေါင်း ၂၂,၀၀၀ကျော်တို့က ပါဝင်ဆောင်ရွက်ပေးကြမည် ဖြစ်ကြောင်း ဘော့ဗ်ဒေးဗစ်က ပြောကြားသည်။ ၎င်းသည် အာဖရိကအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသ ယူနီဆက်ဖ် ကာကွယ်ဆေး ထိုးနှံရေးအစီအစဉ် ညှိနှိုင်းရေးမှူးဖြစ်သည်။

မည်သည့်နိုင်ငံတွင်မဆို ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ရန် ကာကွယ်ထိုးနှံပြီးသူဦးရေကို ၉၀ရာခိုင်နှုန်း အထိ ပြီးမြောက်အောင် ဆောင်ရွက်ကြရသည်။ ယခု မဒါဂါစကာတွင်လည်း ထိုရာခိုင်နှုန်းအတိုင်းပင် ပြီးမြောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဝက်သက် ကာကွယ်ဆေးထိုးရေးအစီအစဉ်ကို ဆောင်ရွက်ရန် လိုအပ်သော ကာကွယ်ဆေးများ၊ တစ်ခါသုံးအပ်များနှင့် လိုအပ်သော ပစ္စည်းများကို လေယာဉ်များ၊ ကားများဖြင့် သယ်ယူပို့ဆောင်ပေးကြသည်။ ထိုကျွန်းနိုင်ငံ၏ အကျယ်အဝန်းမှာ ပြင်သစ်နိုင်ငံထက်ပင် ပိုမိုကြီးမားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်၌လေကြောင်းလိုင်းထူထောင်ရန် ပူးပေါင်းဆောင်ရွက်မည်

စင်ကာပူ စက်တင်ဘာ ၁၅

စင်ကာပူအခြေစိုက် လေယာဉ်နှင့် လေယာဉ်ပုံစံထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် အေ-ဆိုနစ်က တရုတ်ပြည်တွင်ငွေကုန်ကြေးကျသက်သာသည့် လေကြောင်းလိုင်း ထူထောင်ရန်အတွက် တရုတ်ကုမ္ပဏီနှစ်ခုနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်မည်ဟု သဘောတူထားသည်။

ပါဝင်မည်

အဆိုပါ ကုမ္ပဏီကဖက်စပ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံငွေ ၂၅ရာခိုင်နှုန်း ပါဝင်မည်ဖြစ်ပြီး ငွေပမာဏအားဖြင့် စင်ကာပူဒေါ်လာ ၅ ဒသမ ၄ သန်း (အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉ သန်း) မတည်ရင်းနှီးမည်ဖြစ်သည်။ ယင်းလုပ်ငန်းကို တရုတ်ပြည် တောင်ပိုင်းဒေသရှိ ကွမ်တုံပြည်နယ် ကွမ်းဆူးမြို့တော်တွင် အခြေစိုက်တည်ထောင်မည်ဖြစ်သည်ဟု အင်္ဂါနေ့က ရောက်ရှိလာသည့် သတင်းများအရသိရသည်။

အခွင့်အရေးရမည်

လာမည့်နှစ်ဝက်လောက်တွင် စတင်တည်ထောင်နိုင်ဖွယ်ရှိသည့် အဆိုပါ ဖက်စပ်လုပ်ငန်းက အေ-ဆိုနစ်ကုမ္ပဏီအနေဖြင့် လေယာဉ်အုပ်စု ပြုပြင်ထိန်းသိမ်းရေး၊ စီမံခန့်ခွဲရေး လုပ်ငန်းများနှင့် လေယာဉ်ပြင်ဆင် မွမ်းမံတပ်ဆင်မည့် အထူးအခွင့်အရေးများကို ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါကုမ္ပဏီသည် ကွမ်တုံ-တရုတ် ခရီးသွားလာရေးလုပ်ငန်းနှင့်တရုတ် ခရီးသွားဌာနတို့က တရုတ်လေကြောင်း လုပ်ငန်းထိန်းသိမ်းရေး အဖွဲ့မှ လေယာဉ်ပျံသန်းနိုင်ခွင့် အမိန့်ရရှိရေးအတွက် ယခုအခါ လျှောက်ထားနေရသည်။

အကဲဖြတ်မည်

ဒေသဆိုင်ရာ ခရီးစတင်ပျံသန်းမှု မပြုမီ တရုတ်ပြည်၏ ပြည်တွင်းဈေးကွက်ကို လေ့လာ အကဲဖြတ်မည်ဟု အေ-ဆိုနစ်ကုမ္ပဏီက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဆောက်လုပ်ရေးလုပ်ငန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တော်မှ ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုကို စက်တင်ဘာ ၁၁ရက်က တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု အာဆီယံနိုင်ငံများ ဆွေးနွေး

ဟန္နွိုင်း စက်တင်ဘာ ၁၅

အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)မှ တာဝန်ရှိပုဂ္ဂိုလ်များသည် လာအိုနိုင်ငံ ဗီယန်ကျင်း မြို့တော်တွင် တွေ့ဆုံကာ ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြကြောင်း ဗီယန်ကျင်းမှ ဟန္နွိုင်းသို့ ရောက်ရှိလာသည့် သတင်းများအရသိရသည်။

လက်မှတ်ရေးထိုးမည်

တနင်္လာနေ့မှစတင်ပြီးနှစ်ရက်ကြာကျင်းပသည့် ကြားစခန်းပို့ဆောင်ရေးအစည်းအဝေးတွင် တက်ရောက်လာသည့် ကိုယ်စားလှယ်များက ကြားစခန်းပို့ဆောင်ရေးလမ်းကြောင်းနှင့် အဆောက်အအုံများသတ်မှတ်ရေးစာချုပ်အမှတ်(၁)၊ စံပြပို့ဆောင်ရေးအာဆီယံမူဘောင် သဘောတူညီချက်တို့ကို ဆွေးနွေးကြပြီး ယင်းသဘောတူညီချက်များကို ကမ္ဘောဒီးယားနိုင်ငံတွင် လာမည့်လအတွင်းကျင်းပရန် စီစဉ်ထားသည့် ဒသမအကြိမ်မြောက်အာဆီယံ ပို့ဆောင်ရေးဝန်ကြီး အစည်းအဝေးတွင် လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

ဆွေးနွေး

အဆိုပါကိုယ်စားလှယ်များက အာဆီယံ-တရုတ်ပို့ဆောင်ရေးသဘောတူညီချက်အား အတည်ပြုကာ အာဆီယံ-ဂျပန်ပူးတွဲပို့ဆောင်ရေးစီမံကိန်းဖော်ဆောင်ရေးကို ပြန်လည်သုံးသပ်ကြပြီး ကုန်ပစ္စည်းများလွယ်ကူစွာ ကြားစခန်းပို့ဆောင်ရေးဆိုင်ရာ အာဆီယံမူဘောင်သဘောတူညီချက် ဖော်ဆောင်ရေးအတွက် ပြင်ဆင်ရေးလုပ်ငန်းကိစ္စကို ဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံအသင်းဝင် ၁၀နိုင်ငံမှ ပို့ဆောင်ရေးတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဂျပန်မှ တာဝန်ရှိ သူများတက်ရောက်ကြသည်။ အာဆီယံသည် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသည့်အသင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူလေကြောင်းလိုင်း စရိတ်လျှော့ချရန် စီစဉ် လုပ်ခသက်သာစွာ ဆောင်ရွက်သူများသို့ လွှဲပေးမည်

စင်ကာပူ စက်တင်ဘာ ၁၅

စင်ကာပူလေကြောင်းလိုင်း(အက်စ်အိုင်အေ)သည် စရိတ်စကသက်သာလာစေရန် ရည်ရွယ်၍ ယင်း၏အိုင်တီနည်းပညာလုပ်ငန်းများကို လုပ်ခနည်းပါးသော လုပ်ငန်းဆောင်ရွက်သူများသို့ ယခုနှစ်အတွင်း လွှဲပြောင်းပေးရန် စီစဉ်နေသည်ဟုဆိုသည်။ အက်စ်အိုင်အေသည် စင်ကာပူနိုင်ငံ၏ အမျိုးသားလေကြောင်းလိုင်းဖြစ်သည်။

စင်ကာပူ လေကြောင်းလိုင်းသည် ယမန်နေ့ကထုတ်ပြန်ချက်တစ်ခု ပြုလုပ်ခဲ့သည်။ မိမိတို့ လေကြောင်းလိုင်းသည် ယှဉ်ပြိုင်မှုများသော စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် ဆောင်ရွက်နေရခြင်းဖြစ်သည်။ ယှဉ်ပြိုင်နေကြသော လေကြောင်းလိုင်းများ အကြားတွင် စရိတ်စကလျှော့ချနိုင်ရေးကိစ္စသည် အဓိကအရေးပါသော အကြောင်းအရာတစ်ရပ်ဖြစ်သည်။သို့ဖြစ်၍လေကြောင်းလိုင်းတစ်ခုဖြစ်သော မိမိတို့သည်လည်း ယှဉ်ပြိုင်နိုင်အားရှိစေရန် စရိတ်စကကို လျှော့ချသွားရန် လိုအပ်နေကြောင်း အက်စ်အိုင်အေ လေကြောင်းလိုင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လေကြောင်း၏ အိုင်တီ အခြေခံအဆောက်အအုံမှ ဝန်ထမ်းများသည်လည်း မိမိတို့က လျာထားသော စီမံကိန်းများကို လိုလားစွာ လက်ခံကြသည်ဟုဆိုသည်။

အက်စ်အိုင်အေ လေကြောင်းလိုင်းအနေဖြင့်အိုင်တီလုပ်ငန်းပမာဏ မည်မျှအထိလွှဲပေးမည်ကို ယခုအချိန်အထိ မဆုံးဖြတ်ရသေးသော်လည်း လွှဲပြောင်းပေးမည့် အစီအစဉ်သစ်ကို ယခုနှစ်မှာပင် စတင်နိုင်လိမ့်မည်ဟုဆိုသည်။ လောလောဆယ်တွင် အက်စ်အိုင်အေ လေကြောင်းလိုင်းတွင် ဝန်ထမ်း အင်အား ၁၄,၀၀၀မျှ ရှိသည်။ ထိုအရေအတွက်အနက် ၃၀ ရာခိုင်နှုန်း သောဝန်ထမ်းများမှာ မြေပြင်ဝန်ထမ်းများဖြစ်ကြပြီး ယင်းဝန်ထမ်းများသည် အိုင်တီလုပ်ငန်းများနှင့် အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

ပြီးခဲ့သောနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်းက အက်စ်အိုင်အေလေကြောင်းလိုင်းသည်စရိတ်စက သက်သာစေရေးအတွက် ဖြတ်တောက်လျှော့ချမှုများကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ထိုစဉ်ကအာရှတစ်ခွင်တွင်ဆားစ်ခေါ်ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအကြီးအကျယ် အထိနာနေချိန်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အစားထိုးလောင်စာသည် အာရှတိုက်၏ အနာဂတ်စီးပွားရေးအတွက် အရေးပါလျက်ရှိရာ ပုံတွင် ထိုင်းမှ လုပျိုဖြူတစ်ဦးက အစားထိုး လောင်စာတစ်မျိုးဖြစ်သည့် ဂက်စ်ဆိုဟော်ပုလင်းကို ပြသနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လူသားအားလုံးတွင် တာဝန်ရှိသည်

နွယ်(သာယာဝတီ)

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် မူးယစ်ဆေးဝါးပြဿနာသည် လူသားထုတစ်ရပ်လုံး၏ ဘုံရန်သူဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ပြည်သူ၊ ပြည်သားများအား ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပျောက်ကွယ်ရေးလုပ်ငန်းစဉ်များတွင် ကမ္ဘာ့သူ၊ ကမ္ဘာ့သားအားလုံး ဝိုင်းဝန်းပါဝင်ကြရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ခြင်းများအား မြန်မာ့မြေပေါ်မှအပြီးတိုင် ချုပ်ငြိမ်းပျောက်ကွယ်သွားရေးအတွက် စနစ်တကျ စီမံကိန်းချ၍ ဆောင်ရွက်နေသည်။ မဟာဗျူဟာများ၊ နည်းဗျူဟာများလည်း တိတိကျကျချမှတ်လျက် တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိသည်။

လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်စိန်ခေါ်နေသည့် ဤအန္တရာယ်ဆိုးကြီးကို တိုက်ဖျက်သည့်နေရာတွင် အဓိကအားဖြင့် မြန်မာနိုင်ငံသည် အမှီခိုကင်းစွာ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်၍ ကိုယ့်အားကိုယ်ကိုးပြီး ဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့နည်းတူစွာ တစ်ဖက်မှလည်း လုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပံ့ပိုးကူညီမှုများကိုလည်း ကြိုဆိုခဲ့သည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးကို ရှေးရှုလျက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးနှင့် အလှူရှင်နိုင်ငံများဖြစ်ကြသည့် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံနှင့် အီတလီနိုင်ငံများ၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၀၃ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၊ မိုင်းကာဆည်နှင့် ရေသွယ်မြောင်းအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ မိုင်းကာဆည်သည် အဆိုပါဒေသ၏ မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေး၏ ပဏာမခြေလှမ်းဖြစ်သည်။

မိုင်းကာဆည် ရေသွယ်မြောင်းကို ၂၀၀၂ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့သည်။ မိုင်းကာဆည်ရေသွယ်မြောင်း ဖြစ်ပေါ်ရေးကို ဒေသခံတိုင်းရင်းသားများက များစွာလိုလားကြသည်။ မိုင်းကာဆည် ပင်မရေသွယ်မြောင်းသည် ၅ဒသမ ၈မီတာရှည်ပြီး အကျယ် တစ်မီတာရှိသည်။ ရေဖြန့်ခွဲမြောင်းမှာ မီတာ ၇၀၀၀ ရှိသည်။ လယ်မြေ ဟက်တာ ၅၀၀ကျော်ကို ရေဖြန့်ဝေပေးနိုင်မည်ဖြစ်၍ ဒေသခံတောင်သူများအတွက် အလွန်ကောင်းမွန်သည့်ရလဒ်ဖြစ်သည်။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရ၊ UNODC (United Nations Office on Drugs and Crime) နှင့် ဒေသခံတိုင်းရင်းသားတို့ ပူးပေါင်း၍ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပူးပေါင်းဆောင်ရွက်ရာတွင် မိုင်းကာဆည် ရေသွယ်မြောင်း ဖွင့်နိုင်ခဲ့ခြင်းသည် အလွန်အရေးပါ အရာရောက်သည့် ခြေလှမ်းသစ်တစ်ခုအဖြစ် ကမ္ဘာကသိအောင် ဖွင့်လှစ်ပြသလိုက်ခြင်းပင်ဖြစ်သည်။

ဤမိုင်းကာဆည် ရေသွယ်မြောင်းသည် ဘိန်းစိုက်ပျိုးမှု အစားထိုး စီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကို ပိုမိုမြင့်တင်သွားရန် မလွဲမသွေ အထောက်အကူဖြစ်စေမည့် ဆည်ကြီးဖြစ်သည်။ ထို့ပြင် မိုင်းကာဆည် ရေသွယ်မြောင်းသည် သာမန်ဆည် ရေသွယ်မြောင်း တစ်ခုမဟုတ်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင် မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့၏ ပူးပေါင်းဆောင်ရွက်မှု မှတ်တိုင်တစ်ခုလည်းဖြစ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး လုံးဝပပျောက်ရေးအတွက် သန္နိဋ္ဌာန်ချထားပြီး ယင်းရည်ရွယ်ချက်နှင့်အညီ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို အများသိပြီးဖြစ်သည်။ စီမံကိန်း၏ ပထမငါးနှစ်အတွင်းမှာပင် တိုးတက်အောင်မြင်မှုများရရှိသည်။ သို့ဖြစ်၍ စီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်သို့ မဝေးတော့သော အနာဂတ်တွင် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်စွာ အရောက်လှမ်းနိုင်လိမ့်မည်ဟု အခိုင်အမာယုံကြည်သည်။

ထိုသို့ ယုံကြည်ရခြင်းမှာ--

အမေရိကန်ပြည်ထောင်စုက ပြုလုပ်ခဲ့သည့် ဘိန်းထွက်ရှိမှု လေ့လာရေးနှင့် ကုလသမဂ္ဂမှပြုလုပ်ခဲ့သည့် လေ့လာသုံးသပ်မှုများကပါ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုသည် သိသိသာသာကြီး ကျဆင်းသွားသည်ဟု ဖော်ညွှန်းပြဆိုထားသည်ကို အားတက်ဖွယ်ရာ အောင်မြင်မှုအဖြစ် မြင်တွေ့ရခြင်းကြောင့်ဖြစ်သည်။

ထိုအောင်မြင်မှုများသည် ပြည်သူများ၏ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်မှု အထူးသဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ပူးပေါင်းပါဝင်မှုများကြောင့် ရရှိခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုး ထုတ်လုပ်ရေးကို ပပျောက်အောင် တိုက်ဖျက်နေသကဲ့သို့ အက်ဖက်တမင်း စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာကိုလည်း ထို့နည်းတူစွာ သန္နိဋ္ဌာန်ချပြီး တိုက်ဖျက်နေသည်ပင်။ ယခုအခါ ပြင်းထန်စွာ အရေးယူဆောင်ရွက်နေမှုကြောင့် စိတ်ကြွရူးသွပ်ဆေးအမြောက်အမြားကို ဖမ်းဆီးတားမြစ်နိုင်ခဲ့သော်လည်း ဤပြဿနာကို ဖြေရှင်းရာတွင် ပြဿနာဇာစ်မြစ်ကို ကိုင်တွယ်နိုင်ရန် လိုအပ်နေသေးသည်ဟုလည်း ခံယူထားခဲ့သည်။

ဓာတုဗေဒပစ္စည်းမရှိလျှင် ဆေးပြားများလည်းမရှိနိုင်ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံအတွင်း Precursor ဓာတုပစ္စည်း ဝင်ရောက်ခြင်းမရှိစေရန် နိုင်ငံတကာအသိုင်းအဝိုင်း၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု အထူးပင်လိုအပ်လျက်ရှိသေးသည်။

ယနေ့ တပ်မတော်အစိုးရ၏လက်ထက်တွင် စစ်မှန်သည့် စေတနာနှင့် မှန်ကန်သော လက်တွေ့လုပ်ရပ်များကြောင့် တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြခြင်းသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသပြည်သူများ၏ အခြေခံလိုအပ်ချက်များ မြှင့်တင်ဖြည့်ဆည်းပေးရေးအတွက် အခွင့်အလမ်းများ ဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်မှုကြောင့် မည်သည့်ဒေသနှင့်မဆို လက်လှမ်းမီလာသည်။ သို့ဖြစ်၍လည်း ယခင်ကနှင့်မတူ အခြေအနေကောင်းများ ပြောင်းလဲဖြစ်ပေါ်လျက်ရှိနေပြီ။

ထိုသို့ ပြောင်းလဲလာသော အခြေအနေများကြောင့် မူးယစ်ဆေးဝါး ပပျောက်ရေးကို တားဆီးနှိမ်နင်းရေး လုပ်ငန်းတစ်မျိုးတည်းဖြင့် ကြိုးပမ်းဆောင်ရွက်နေရာမှ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး တဖြည်းဖြည်း လျော့နည်းပပျောက်သွားရန် ရည်ရွယ်လုပ်ဆောင်ခဲ့သည်။

ထို့အပြင် နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကိုးကန့်ဒေသ ဖွံ့ဖြိုးရေးအတွက် လောက်ကိုင်ဒေသတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ-ထိုင်း မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ယောင်ခကျေးရွာ စီမံကိန်းအရ ဆောက်လုပ်ပြီးစီးခဲ့သည့် ၁၆ ခုတင်ဆံ့ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့က ယောင်ခကျေးရွာတွင် ကျင်းပခဲ့သည်။ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်း တိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းဖြစ်သည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ထိုင်းနိုင်ငံသုံးငွေဘတ် သန်း၂၀ပံ့ပိုးမှုဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းလည်းဖြစ်သည်။

၂၀၀၁-၂၀၀၂ ခုနှစ်များတွင် နှစ်နိုင်ငံတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး သဘောတူညီချက်အရ တာချီလိတ်မြို့ အနောက်ဘက် မိုင် ၃၀အကွာ ယောင်ခကျေးရွာအုပ်စုကို စီမံကိန်းနယ်မြေအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယောင်ခကျေးရွာ တစ်ရွာတည်းသာမက ကျေးရွာပေါင်း ၁၃ ရွာပါဝင်သည့် ယောင်ခကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင် ဒေသခံတိုင်းရင်းသားအားလုံးကို အကျိုးပြုသည့် စီမံကိန်းဖြစ်သည်။

စီမံကိန်းကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ဘက်စုံဖွံ့ဖြိုးရေးအဖြစ် အကောင်အထည်ဖော်ခဲ့ရာ ပညာရေးကဏ္ဍတွင် ကျောင်းသား ၅၀၀ ဆံ့ အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းကို ၂၀၀၃ ခုနှစ် မေလတွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ဇွန်လတွင် မြန်မာနိုင်ငံပညာရေးဝန်ကြီး ဌာနမှ ဆရာ/ဆရာမ ၁၀ ဦးဖြင့် ကျောင်းသား ၂၂၂ ဦးတို့အား စတင်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ယနေ့ တပ်မတော်အစိုးရ၏လက်ထက်တွင် စစ်မှန်သည့် စေတနာနှင့် မှန်ကန်သော လက်တွေ့လုပ်ရပ်များကြောင့် တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြခြင်းသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသပြည်သူများ၏ အခြေခံလိုအပ်ချက်များ မြှင့်တင်ဖြည့်ဆည်းပေးရေးအတွက် အခွင့်အလမ်းများ ဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်မှုကြောင့် မည်သည့်ဒေသနှင့်မဆို လက်လှမ်းမီလာသည်။ သို့ဖြစ်၍လည်း ယခင်ကနှင့်မတူ အခြေအနေကောင်းများ ပြောင်းလဲဖြစ်ပေါ်လျက်ရှိနေပြီ။

ကျန်းမာရေးကဏ္ဍတွင် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ၁၆ ခုတင်ဆံ့ ဆေးရုံနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမ လေးဦးတို့ဖြင့် ဒေသခံတိုင်းရင်းသားများအား ဆေးဝါးကုသ၍ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍတွင် ဘိန်းအစားထိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် စီမံကိန်းရေးဆွဲဆောင်ရွက်ခဲ့ပြီး ကုန်းမြင့်လယ်မြေဧက ၁၃၀၀ နှင့် လယ်မြေဧက ၉၀၀ စုစုပေါင်းဧက ၂၂၀၀ ကျော် စပါးစိုက်ပျိုးလျက်ရှိရာ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေးအတွက် အသေးစားတမံများ ဆောက်လုပ်ရန်လည်း စီစဉ်ခဲ့သည်။ ယခုအခါ အသေးစားတမံခြောက်ခုနှင့် ရေသွယ်မြောင်း ကီလိုမီတာ ၂၀ ကို ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းဆောက်လုပ်ခဲ့ပြီး လယ်မြေဧက ၈၄၀ ကျော်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်သဖြင့် ဝမ်းစာဖူလုံသည့်အပြင် ဆန်တန် ၂၀၀၀ ကျော်ခန့် ပိုလျှံခဲ့သည်။

စံပြစိုက်ပျိုးရေး ပညာပေးစခန်းအဖြစ် ပဲပုပ်၊ ငါး၊ မျှစ်ချို၊ မက္ကဒေးမီးယား စသည့် ပျိုးပင်များ ဖြန့်ဝေ စိုက်ပျိုးစေခဲ့သည်။ စီမံကိန်းဒေသမှ ထွက်ရှိသည့် ဘိန်းအစားထိုးသီးနှံများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန်လည်း စီစဉ်ထားသည်။

မွေးမြူရေးကဏ္ဍတွင် ငါးကန်များတူးဖော်၍ ငါးခူ၊ တီလားဗီးယား စသည့် ငါးများ မွေးမြူခြင်း၊ ဒေသနှင့်ကိုက်ညီသော ဥစားကြက်၊ အသားစားကြက်၊ ဝက်များမွေးမြူထားရှိပြီး ကျေးရွာအိမ်ထောင်စုများအားလုံးထံ ဖြန့်ဝေမွေးမြူရန် စီစဉ်လျက်ရှိသည်။

တစ်ဖန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့ကို ပေါင်းကူးဆက်သွယ်ပေးည့် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား ဆောက်လုပ်ရေးဆိုင်ရာ မြန်မာ-ထိုင်း သဘောတူ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို တာချီလိတ်ခရိုင် တာချီလိတ်မြို့၊ ရွှေတြိဂံဟိုတယ် ဧည့်ခန်းမ၌ ကျင်းပခဲ့သည်။ **မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) တည်ဆောက်ခြင်းသည် နှစ်နိုင်ငံပြည်သူများအကြား လေးနက်ခိုင်မာစွာ ဖြစ်ထွန်းနေပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကို ထင်ရှားစွာ ဖော်ထုတ်ပြသခြင်းပင်ဖြစ်သည်။**

မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) ပေါ်ထွန်းလာသည်နှင့် ထိုင်းနိုင်ငံအတွက်ရော မြန်မာနိုင်ငံအတွက်ပါ အကျိုးများစွာ ဖြစ်ထွန်းနိုင်သည်။ နှစ်နိုင်ငံကူးသန်းရောင်းဝယ်မှု၊ ပြည်သူအချင်းချင်း ကူးသန်းဆက်သွယ်မှုများ တိုးပွားလာမည်ဖြစ်သကဲ့သို့ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းလာမည်။ ဤသည်မှာ မဲခေါင်မြစ်ဝှမ်းတွင် မှီတင်းနေထိုင်ကြသော နှစ်နိုင်ငံပြည်သူများအတွက် တန်ဖိုးမဖြတ်နိုင်သည့် တိုးတက်ဖြစ်ထွန်းမှုရလဒ်ပင်ဖြစ်သည်။

ထိုတံတားသစ်ကြီးသည် နှစ်နိုင်ငံ ပြည်သူများအတွက် ကြီးမားသော အကျိုးရလဒ်ကောင်းများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုကိုလည်း ဖြစ်ထွန်းစေနိုင်သည်။ တံတားသစ်ကြီးသည် မြန်မာနှင့် ထိုင်းနိုင်ငံအတွက်သာမက တောင်အာရှနှင့် အရှေ့တောင်အာရှ ဒေသတစ်ခုလုံးကို ဆက်စပ်ပေးမည့် တံတားကြီးလည်းဖြစ်သည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံကြုံတွေ့ရသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပြီး အေးအတူပူအမျှ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရန်နှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် အစဉ်အမြဲ အသင့်ရှိနေသည်ကို နိုင်ငံတကာသို့ ထင်ရှားစွာ ပြသလိုက်ခြင်းလည်းဖြစ်ပေသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များ၏ ကြီးမားသော အမြော်အမြင်နှင့် ကြိုးပမ်းဆောင်ရွက်မှုများမှာ နှစ်နိုင်ငံအကြားတွင် သမိုင်းမှတ်တိုင်သဖွယ် မော်ကွန်းတွင်ရစ်မည်လည်းဖြစ်သည်။ တံတားသစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်ခဲ့လျှင် နှစ်နိုင်ငံပြည်သူများအတွက် ကြီးမားသော အကျိုးရလဒ်ကောင်းများ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုများကိုလည်း ဖော်ဆောင်လာလိမ့်မည်။

မှန်သည်။ နယ်မြေဒေသ အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်စေရေးရည်ရွယ်လျက် မိသားစု စားဝတ်နေရေး ဖူလုံရန် လယ်စပါး၊ ပြောင်းဖူး၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှု၊ ကြက်၊ ဝက်မွေးမြူမှု၊ တစ်ဦးချင်းဝင်ငွေရရှိရေးအတွက် နှစ်တိုနှစ်ရှည် သီးနှံပင်များစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှုများနှင့် ဒေသ၌ အကျိုးဖြစ်ထွန်းစေမည့် လက်ဖက်၊ မက္ကဒေးမီးယားနှင့် အခြားသီးနှံများ စိုက်ပျိုးရေးလုပ်ငန်းများကို စီးပွားဖြစ် တစိုက်မတ်မတ် ဇောက်ချ၍ လုပ်ကိုင်နိုင်လိမ့်မည်ပင်။

ဤသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ ဒေသနေပြည်သူများ၏ စီးပွားရေးဘဝ၊ ပညာရေးဘဝ၊ လူမှုရေးဘဝ၊ ကျန်းမာရေးဘဝ စသည်ဖြင့် အဘက်ဘက်မှ လူနေမှုဘဝ တစ်ခုလုံး တိုးတက်ပြောင်းလဲသွားမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် နယ်စွန်နယ်ဖျားဒေသများအထိ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့လာခဲ့လျှင် တရားဥပဒေစိုးမိုးရေး လက်တံသည်လည်း ပိုမိုရှည်လျားလာလိမ့်မည်။

တစ်ဖန် ဒေသနေပြည်သူများ၏ မိသားစု စားဝတ်နေရေးဘဝ ဖူလုံလာခဲ့ပြီဆိုပါလျှင် တရားမဝင်စိုက်ပျိုးထုတ်လုပ်သော ဘိန်းစသည့် မူးယစ်ဆေးဝါးများသည် အလိုလို ချုပ်ငြိမ်းပျောက်ကွယ်သွားမည်သာ ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၉-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၅	၆။	မျိုးချစ်တပ်မတော်
၄:၄၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် - ရှင်ပြုပွဲ (အရှေ့တိုင်းပညာအထူးပြု-ပထမနှစ်)**
၅:၃၀	၉။	ပညာခေတ်
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။	မြန်မာ့ရှုခင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "မဆုတ်မနစ်" (အပိုင်း-၁၂)**
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	ယနေ့ညအတွက် မြဝတီတေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နဲ့ရန်နိုင်စား" (အပိုင်း-၈)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

ပါရမီခုံးကျော်တံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ အလှပဆုံး၊ အခိုင်ခံ့ဆုံးနှင့် အချိန်အနည်းဆုံးဖြင့် တည်ဆောက်နိုင် ပြည်သူများ သွားလာမှုလွယ်ကူစေရေး စော၍အကျိုးပြုခဲ့

ရန်ကုန် စက်တင်ဘာ ၁၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်၍ အောင်မြင်စွာပြီးစီးသွားသော ပါရမီခုံးကျော်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းတို့ကို ဆက်သွယ်ရာ ပါရမီလမ်းနှင့် မြို့ပတ်ရထားလမ်းဆုံရှိ အဆိုပါ ပါရမီခုံးကျော်တံတား မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တံတားဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဌာနဆိုင်ရာများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်တို့မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တံတားတည်ဆောက်ရေး တာဝန်ခံနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရန်ကုန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းခရိုင်တို့မှ ပြည်သူများ၊ စေတနာသမ္မာရဝတ်အသင်း စည်တော်အဖွဲ့၊ အခြေခံပညာကျောင်းများမှ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ရောင်စုံအလံအကအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားသွန်ခွန်စိုက်ကြိုးပမ်း အကောင်အထည်ဖော်နေခြင်းများကို နိုင်ငံတစ်ဝန်းအနှံ့အပြား၌ တွေ့မြင်ရမည်ဖြစ်ကြောင်း။

ရန်ကုန်မြို့၏ လူဦးရေနှင့် မော်တော်ယာဉ်စီးရေသည် တစ်နေ့တခြား များပြားလာနေကြောင်း၊ လွန်ခဲ့သော ၁၀ နှစ်က မော်တော်ယာဉ်စီးရေ ၂၉၄၅၉၀စီး ရှိရာကနေ လက်ရှိအခြေအနေတွင် မော်တော်ယာဉ်စီးရေ ၉၄၉၉၉၄ စီး ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မြို့သစ်များ တည်ဆောက်ပေးခြင်း၊ လမ်းများတိုးချဲ့ပေးခြင်း၊ တံတားများတည်ဆောက်ပေးခြင်းတို့အပြင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ၌ မီးရထားခုံးကျော်တံတားများ တည်ဆောက်ရေးကော်မတီအနေဖြင့် တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်းမြို့နယ်အစပ် မြို့ပတ်ရထားလမ်းနှင့် ပါရမီလမ်းကူး Level Crossing နေရာကို မြို့ပတ်ရထားဖြတ်သန်းစဉ်အချိန်တွင် လမ်းများပိတ်ထားရမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ယခုကဲ့သို့ ခုံးကျော်တံတားများ တည်ဆောက်ပေးခြင်းဖြင့် မြို့ပြဖွံ့ဖြိုးစေပြီး အများပြည်သူ သွားလာမှုနှင့် မော်တော်ယာဉ်များ စီးဆင်းရွေ့လျားမှု ချောမွေ့ရေးကို များစွာ အထောက်အကူပြုလျက်ရှိကြောင်း၊ ထို့ကြောင့် ယင်းခုံးကျော်တံတားကြီးကို သတ်မှတ်ကာလထက် စောလျင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားကို အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုကြောင်း။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းတို့ ဆက်သွယ်ရာ ပါရမီခုံးကျော်တံတား ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အခိုင်ခံ့အလှပဆုံး

ယနေ့ဆိုလျှင် ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်အညီ အဆင့်မြင့်တင် တည်ဆောက်မှုများ ဆောင်ရွက်လျက်ရှိရာ ခြောက်လမ်းသွား လမ်းမကြီးများအဖြစ်တိုးချဲ့ခြင်း၊ အဆောက်အအုံများ အမြင်တင့်တယ်စေရန် ပြုပြင်မွမ်းမံခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများ အပါအဝင် ဘက်စုံဆောင်ရွက်လျက်ရှိရာ ယခုအခါ ရန်ကုန်မြို့ရှိ မီးရထားလမ်းနှင့် မော်တော်ကားလမ်း ဖြတ်သန်းရာ Level Crossing နေရာများတွင် ခုံးကျော်တံတားများ တည်ဆောက်လျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် ပါရမီခုံးကျော်တံတားကြီးသည် အခိုင်ခံ့ဆုံးနှင့် အလှပဆုံးဖြစ်ပြီး လှိုင်သာယာ၊ ရွှေပြည်သာ စက်မှုဇုန်များနှင့် တောင်ဒဂုံ၊ မြောက်ဒဂုံ စက်မှုဇုန်သို့ ယခင်ကလို ရထားဖြတ်သန်းချိန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေစရာမလိုဘဲ လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်ပြီး စက်မှုကုန်ထုတ် စွမ်းအားစုများကို အချိန်တိုတိုနှင့် လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယင်းတံတားသစ်ကြီးကို သတ်မှတ်လျာထားရက်ထက် စော၍ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့မီးရထားမှ ကာယဉာဏ ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှကူညီပံ့ပိုးပေးခဲ့သည့်ဌာနဆိုင်ရာများအားလည်းကောင်း၊ တံတားအသစ်ဖွင့်လှစ်သည့် အခမ်းအနားတွင် ကူညီပံ့ပိုးပေးခဲ့ကြသော အဖွဲ့အစည်းအသီးသီးအားလည်းကောင်း၊ ယနေ့ဖွင့်ပွဲအခမ်းအနားကို ကြွရောက်ချီးမြှင့်ကြသည့် မိဘပြည်သူများနှင့် ဧည့်သည်တော်ကြီးများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ၌ ရန်ကုန်မြို့ပတ်ရထားလမ်းသည် အရှည် ၂၉ ဒသမ ၅ မိုင်ရှိပြီး မြို့ပတ်ရထားများ တစ်နေ့လျှင် ၁၄ ဆိုင်းဖြင့် ၁၆၂ခေါက်နှုန်း ပြေးဆွဲလျက်ရှိကြောင်း၊ အချို့မြို့ပတ်ရထားများက တစ်ပတ်အပြည့် ပတ်ပြီး၊ အချို့မြို့ပတ်ရထားများက တစ်ဝက်ပတ်ကြောင်း၊ ရုံးဆင်း၊ ရုံးတက်ချိန်များတွင် ၁၅မိနစ်လျှင် ရထားတစ်စီးနှုန်း ပြေးဆွဲလျက်ရှိပြီး ရထားလမ်းကူးများ၌ အချို့နေရာများတွင် ၄၆ကြိမ်၊ အချို့နေရာများတွင် ၈၄ကြိမ် ပိတ်ထားရကြောင်း၊ ထိုသို့ တစ်ကြိမ်ပိတ်တိုင်း ကားစီးရေ ၆၀မှ ၈၀ထိ စောင့်ဆိုင်းနေကြရကြောင်း၊ မြန်မာ့မီးရထားသည် ယခုပါရမီခုံးကျော်တံတား အပါအဝင် ကားလမ်းကူး ၂၃နေရာကို ခုံးကျော်တံတားအဖြစ် မြန်မာ့မီးရထား အင်ဂျင်နီယာများက အားသွန်ခွန်စိုက် ကြိုးစားတည်ဆောက်ခဲ့သည်မှာ မိဘပြည်သူများ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

မြို့ပတ်ရထားလမ်းနှင့် ကားလမ်းဆုံမည့် နေရာများအနက် မဖြစ်မနေ တည်ဆောက်ရမည့် ကားလမ်းကူးနေရာ ရှစ်နေရာကျန်ရှိနေပြီး ၎င်းရထားလမ်းနှင့် ကားလမ်းကူးနေရာများမှာ ကျောက်ရေတွင်းလမ်းဆုံ၊ နာနတ်တောလမ်းဆုံ (တည်ဆောက်ရန် ပြင်ဆင်လျက်ရှိ)၊ တညင်းကုန်းလမ်းဆုံ၊ ပါရမီ (၂) လမ်းဆုံ၊ ကံဘဲ့လမ်းဆုံ၊ ဘုရင့်နောင်လမ်းဆုံ၊ ဘောက်ထော်လမ်းဆုံ၊ အမှတ်(၄) လမ်းမဆုံတို့ဖြစ်ကြောင်းနှင့် ဆက်လက်တည်ဆောက်သွားမည် ဖြစ်ကြောင်း အသိပေးပြောကြားလိုကြောင်း။

"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နယ်စပ်ဒေသများပါ မကျန် ကွက်လပ်မရှိစေရန် ဖြည့်ဆည်းပေးရမည်"ဟူသော မူဝါဒနှင့်အညီ ၂၀၀၄ခုနှစ် မတ် ၃၀ရက်၌ ပြုလုပ်သော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အစည်းအဝေး၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **ပါရမီခုံးကျော်တံတားကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်** လမ်းညွှန်မှာကြားခဲ့သဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဆင့်မြင့်အိမ်ရာစီမံကိန်း အစည်းအဝေး ၁/၂၀၀၄ ၌ **တံတားများအနက် အလှပဆုံး၊ အခိုင်ခံ့ဆုံးနှင့် အချိန်အနည်းဆုံးဖြင့် တည်ဆောက်နိုင်သည့်တံတား ဖြစ်ရမည်**ဟု လမ်းညွှန်မှာကြားခဲ့၍ မြန်မာ့မီးရထားအင်ဂျင်နီယာများက ဧပြီ ၂၄ရက်မှစ၍ နေ့ရောညပါ အားသွန်ခွန်စိုက် တည်ဆောက်ခဲ့သဖြင့် သတ်မှတ်ထားသည့်ကာလထက် တစ်လနှင့် ကိုးရက်စော၍ ပြီးစီးအောင်တည်ဆောက်နိုင်သဖြင့် ပြည်သူများသွားလာမှု လွယ်ကူစေရေးကို စော၍ အကျိုးပြုနိုင်ခဲ့ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းက ပါရမီခုံးကျော်တံတား တည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် တံတား၏ အချက်အလက်နှင့် စံချိန်စံညွှန်းများကို ဖတ်ကြားတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များသည် ပါရမီခုံးကျော်တံတားမုခ်ဦးထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန်အခါဖြစ်သည့် နံနက် ၈ နာရီ ၁ မိနစ်တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ပါရမီခုံးကျော်တံတားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယခု ဖွင့်လှစ်လိုက်သော ပါရမီခုံးကျော်တံတားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူ၍ ၂၀၀၄ခုနှစ် ဧပြီ ၂၄ ရက်တွင် စတင် တည်ဆောက်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်တွင် အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သဖြင့် ယခုဖွင့်လှစ်သည့်နေ့အထိ လေးလနှင့် ၂၄ ရက်သာ ကြာမြင့်ခဲ့သည်။

ပါရမီခုံးကျော်တံတားသည် ပင်မတံတားအရှည် ၇၄၂ပေ ခြောက်လက်မ၊ ချဉ်းကပ်လမ်း အရှည် ကမ္ဘာအေးစေတီလမ်းဘက်ခြမ်း၌ ၁၇၈ ပေ ခြောက်လက်မ၊ ဝေဇယန္တာလမ်းဘက်ခြမ်း၌ ၂၅၅ ပေ၊ စုစုပေါင်းအရှည် ၁၁၇၆ ပေရှိပြီး တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်နှင့် သံကူကွန်ကရစ် Box Girder Bridge အမျိုးအစားဖြစ်ကာ အောက်ထည်မှာ သံကူကွန်ကရစ်ပိုင်နှင့် သံကူကွန်ကရစ်တိုင် အမျိုးအစားဖြစ်သည်။ တံတားအကျယ်မှာ လေးလမ်းသွားကားလမ်း ၄၈ ပေ၊ လူသွားလမ်း လေးပေစီ၊ နှစ်ဖက် စုစုပေါင်း ၅၆ ပေဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ တံတား၏အောက်ဘက် ရထားလမ်း ကင်းလွတ်အမြင့်မှာ ၁၄ ပေရှိပြီး တံတား၏ တစ်ဖက်တစ်ချက်စီတွင် ရပ်ကွက်အတွင်း သွားလာရန် ကားလမ်းများ ပါရှိသည်။

အဆိုပါ ပါရမီခုံးကျော်တံတားသည် ရန်ကုန်မြို့တော်၏ ဂုဏ်အင်္ဂါရပ်နှင့်အညီ လှပသေသပ် ခိုင်ခံ့စွာ တည်ဆောက်ထားသော တံတားဖြစ်သည်နှင့်အညီ တံတားဖွင့်ပွဲအကြို ညနှင့် ယနေ့ညတို့တွင် ရောင်စုံမီးများဖြင့် တန်ဆာဆင်ထွန်းညှိထားသည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းတို့ ဆက်သွယ်ရာ ပါရမီခုံးကျော်တံတားကို တွေ့ရစဉ်။
(သတင်းစဉ်)

အခြေခံကျသည့် စီးပွားရေးလုပ်ငန်းများကို ခိုင်ခိုင်မာမာ ခင်းကျင်းလုပ်ကိုင်နိုင်မှသာ ရေရှည်တည်တံ့ပြီး ဂုဏ်သိက္ခာရှိသည့် တိုင်းပြုပြည်ပြု လုပ်ငန်းရှင်များအဖြစ် ရပ်တည်နိုင်မည်

❀ ရှေ့ဖုံးမှ

မိမိနှင့် လယ်ယာလုပ်ငန်းရှင်များ၊ နှစ်ရှည်ပင်စိုက်ပျိုးသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်မှာ ခုနစ်ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ကြောင်း။

မိမိတို့အားလုံး၏ တူညီသောရည်မှန်းချက်မှာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး တိုးတက်ကြီးပွားပြီး အခြားကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်မှာလည်း အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့် တည်ဆောက်သွားမှာဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် မိမိတို့၏ ဒီမိုကရေစီသည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်သမိုင်းကြောင်း၊ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်သဘာဝနှင့်ကိုက်ညီသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင် အရေးအကြီးဆုံးတစ်ခုဖြစ်သော အမျိုးသားညီလာခံ ကျင်းပဆောင်ရွက်နေပြီကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပပြီး ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်း အားလုံးတွင် တာဝန်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့် သွားမှာဖြစ်သည့်အတွက် နိုင်ငံတော်မှ ယခင်က မရှိဖူးသေးသည့် တိုင်းရင်းသားလုပ်ငန်းရှင်များကို စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ထူထောင်မြေတောင်မြှောက်ပေးနေသကဲ့သို့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ထွန်းရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ယနေ့ဆိုလျှင် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကို အားပေးမြှင့်တင်ပေးနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွင် နိုင်ငံသားအားလုံး၏အားကို ရယူဆောင်ရွက်နေကြောင်း။

ထို့အတူ နိုင်ငံတော်သည် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ မှန်ကန်သော ပူးပေါင်းဆောင်ရွက်မှုအားကိုရယူ၍ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်အောင်မြင်အောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်၏ စီးပွားရေးဘဝ၌ လယ်ယာလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သွယ်မှုလုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များ စသည်ဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များ အခြေခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ အဘက်ဘက်က ပြုစုပျိုးထောင်အားပေးနေခြင်းဖြစ်ကြောင်း။

စိုက်ပျိုးရေးအခြေခံ

နိုင်ငံတော်၏ စီးပွားရေးအခြေခိုင်မာပြီး အင်အားရှိရေးအတွက် ပို့ကုန်ပမာဏ တိုးမြှင့်ရေးကို အလေးပေးလုပ်ကိုင်ရာ၌ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများကိုသာ လောလောဆယ် အဓိကမှီတည်လုပ်ကိုင်နေကြရကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပေါကြွယ်ဝသည့် မြေသယံဇာတနှင့် ရေသယံဇာတတို့ကို အခြေပြုသည့် ရာသီသီးနှံစိုက်ပျိုးကြသော လယ်ယာလုပ်ငန်းရှင်များ၊ ဆီအုန်း၊ ရော်ဘာ၊ ကော်ဖီ စသည့် နှစ်ရှည်ပင် စိုက်ပျိုးကြသည့် လုပ်ငန်းရှင်များ၊ ငါး၊ ပုစွန်လုပ်ငန်းရှင်များ စသည်ဖြင့် ရေမြေသယံဇာတကို ကုန်ထုတ်လုပ်မှုလုပ်ငန်း၌ အသုံးချသည့် စီးပွားရေးအင်အားစုများ ကြီးပွားဖြစ်ထွန်းလာအောင် ယခုကဲ့သို့ မိမိတို့တွေ့ဆုံ၍ စိတ်ဓာတ်ရေးရာ အရရော၊ ရုပ်ပိုင်းဆိုင်ရာအရပါ တတ်နိုင်သမျှ အားပေးကူညီနေခြင်း ဖြစ်ကြောင်း။

ဝမ်းမြောက်စွာကြိုဆို

ယင်းသို့ အားပေးဆောင်ရွက်လာရာ၌ စိုက်ပျိုးရေးလုပ်ကွက်ကြီးများကို ဖော်ထုတ်လုပ်ကိုင်နေသော လက်ရှိလုပ်ငန်းရှင်များအပြင် နောက်ထပ် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် တိုင်းရင်းသားလုပ်ငန်းရှင်အသစ်များ ပေါ်ထွက်လာသည့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နှစ်ရှည်ပင်လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေး (၇/ ၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အတွက် မိမိတို့ ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ နိုင်ငံတော်၌ ယခုကဲ့သို့ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်အများအပြား ဖြစ်ထွန်းပေါ်ထွက်လာရန် လိုအပ်နေကြောင်း။

ဖွဲ့သတ္တိရှိရှိ အားထုတ်

လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ကြုံတွေ့ဖြတ်သန်းခဲ့ရသည့်ဘဝကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်၍ နိုင်ငံတော်၏စေတနာနှင့် မျှော်မှန်းချက်များအပေါ် မှန်ကန်သောအသိ၊ မှန်ကန်သောအလုပ်များဖြင့် တုံ့ပြန်ပြီး နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်း လုပ်ကိုင်သွားကြရန်လိုကြောင်း၊ ထို့ပြင် မိမိတို့၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်၊ မိမိတို့ ရင်းနှီးလုပ်ကိုင်နေသော စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင် ဖွဲ့သတ္တိရှိရှိ အားထုတ်လုပ်ကိုင်ကြစေလိုကြောင်းဖြင့် မှာကြားရှင်းလင်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ မြေသယံဇာတ၊ ရေသယံဇာတ အလုံအလောက်ရှိသဖြင့် ပြည်သူများ၏ လက်ငင်းစားသုံးမှုအတွက်သာမက နောင်တိုးပွားလာမည့် နိုင်ငံသားများအတွက်ပါ စားသုံးသီးနှံဖူလုံအောင်၊ ထိုမှတစ်ဆင့် ပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်သွားကြရမည်ဖြစ်ကြောင်း။

အခြေခံကျကျကြိုးပမ်း

ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ရာ၌ သမားရိုးကျ ပုဂ္ဂလိက တောင်သူလယ်သမားများ၏ လယ်ယာလုပ်ကွက်ငယ်များနှင့်အတူ ငွေကြေးအရင်းအနှီး တတ်နိုင်သော တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ခေတ်မီ လယ်ယာလုပ်ကွက်ကြီးများ ပေါ်ထွက်လာအောင်၊ ယင်းလယ်ယာလုပ်ကွက်ကြီးများမှတစ်ဆင့် သီးနှံများကို စီးပွားဖြစ် ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်း၌ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ခြင်း စသည့် စီးပွားရေးအခွင့်အလမ်းသစ်များ ပေါ်ထွက်လာအောင် အခြေခံကျကျ မိမိတို့ ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

ရေတိုနည်းဖြင့် ငွေကြေးကို လွယ်လွယ်ကူကူ ရှာဖွေနိုင်မှုသည် ခေတ္တခဏသာ တည်မြဲနိုင်ကြောင်း၊ မိမိတို့၏ ပင်ကိုအရည်အသွေးကို အားကုန်ထုတ်၍ အခြေခံကျသည့် စီးပွားရေးလုပ်ငန်းများကို ခိုင်ခိုင်မာမာ ခင်းကျင်းလုပ်ကိုင်နိုင်မှသာ ရေရှည်တည်တံ့ပြီး ဂုဏ်သိက္ခာရှိသည့် တိုင်းပြုပြည်ပြု လုပ်ငန်းရှင်များအဖြစ် ရပ်တည်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ရွေးချယ်ထားသော စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နှစ်ရှည်ပင်လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေး (၇/၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုးချဲ့စိုက်ပျိုး

ယင်းနောက် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ လက်ရှိစိုက်ပျိုးနေသော မြေများအပြင် မြေလွတ်မြေလပ်နှင့် စိုက်ပျိုးနိုင်သည့် မြေရိုင်းဧရိယာများစွာ ကျန်ရှိနေသေးကြောင်း၊ စိုက်ပျိုးရန်မြေ၊ ရေရှိသကဲ့သို့ သင့်တင့်မျှတသော ရာသီဥတုလည်း ရှိပြီးဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို ခေတ်မီနည်းစနစ်များဖြင့် တိုးချဲ့စိုက်ပျိုးပါက ရေရှည် အကျိုးဖြစ်ထွန်းမှာ သေချာကြောင်း။

လောလောဆယ် ဆီထွက်သီးနှံစိုက်ပျိုးမှုအခြေအနေအရ မိမိတို့နိုင်ငံတွင် စားသုံးဆီ ဖူလုံမှုမရှိသေးသဖြင့် ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စီမံအားပေးမှုဖြင့် ရေမြေရာသီအခြေအနေပေးသည့် တနင်္သာရီတိုင်း၌ ဆီအုန်းဧကငါးသိန်း စိုက်ပျိုးပြီး ပြည်တွင်းစားသုံးဆီ ဖူလုံရေး၊ ထိုမှတစ်ဆင့် ပိုလျှံသည်များကို ပြည်ပတင်ပို့ရေးတို့အတွက် ၁၉၉၉ခုနှစ်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ ငွေကြေးအရင်းအနှီး တတ်နိုင်သည့် လုပ်ငန်းရှင်များကို မြေယာများ အခမဲ့ချပေးပြီး လိုအပ်သည်များကို ကူညီအားပေးစောင့်ရှောက်လျက်ရှိကြောင်း။

ဧကတစ်သိန်းကျော်

ဆီအုန်းစိုက်ပျိုးမှုသည် စိုက်ပျိုးသူကိုရော၊ တိုင်းပြည်ကိုပါ ရေရှည် အကျိုးအမြတ်ဖြစ်ထွန်းစေသည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ကြောင်း၊ လက်ရှိ ကုမ္ပဏီများ၊ ဒေသခံများ၊ တပ်ရင်းတပ်ဖွဲ့များ၏ စိုက်ပျိုးမှုများအရ ဆီအုန်းဧကတစ်သိန်းကျော် ပေါ်ထွက်လာနေပြီဖြစ်ကြောင်း။

နောက်ထပ် ရင်းနှီးမြှုပ်နှံမည့် ဆီအုန်းလုပ်ငန်းရှင်အသစ်များကလည်း စိုက်ပျိုးရန် မြေနေရာရယူထားပြီးဖြစ်၍ တနင်္သာရီတိုင်းသည် နောင်မကြာမီနှစ်များအတွင်းတွင် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာတော့မည်ဖြစ်ကြောင်း။

ဆီအုန်းလုပ်ငန်းရှင်များက နိုင်ငံတော်အကျိုး၊ မိမိတို့၏ အကျိုးတို့ကို ရှုမျှော်ပြီး မျိုးကောင်းမျိုးသန့် ဆီအုန်းပင်များကို နှစ်အလိုက် စနစ်တကျ တိုးချဲ့စိုက်ပျိုးသွားကြရန် အရေးကြီးကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။



တက်ရောက်

နှစ်ရှည်ပင်လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ညှိနှိုင်းအစည်းအဝေး (၇/၂၀၀၄)သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မှန်ကန်သောအသိ
မှန်ကန်သောအလုပ်များဖြင့် တုံ့ပြန်

လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ကြုံတွေ့ဖြတ်သန်းခဲ့ရသည့်ဘဝကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်၍ နိုင်ငံတော်၏ စေတနာနှင့် မျှော်မှန်းချက်များအပေါ် မှန်ကန်သောအသိ၊ မှန်ကန်သောအလုပ်များဖြင့် တုံ့ပြန်ပြီး နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်း လုပ်ကိုင်သွားကြရန်လို။

ဆီအုန်းလုပ်ငန်းရှင်အသစ်များက စိုက်ပျိုးရန် မြေနေရာရယူထားပြီးဖြ
တနင်္သာရီတိုင်းသည် မကြာမီနှစ်များအတွင်း နိုင်ငံတော်၏ ဆီအိုးကြီး ဖြစ်လာမည

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ၂၀၀၄ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သည့် ဆီအုန်းလုပ်ငန်း၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းအစည်းအဝေး(၆/၂၀၀၄) ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တနင်္သာရီတိုင်း

ယင်းနောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တနင်္သာရီတိုင်း၌ ဆီအုန်းဧက ငါးသိန်း စိုက်ပျိုးနိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှုအခြေအနေ၊ တနင်္သာရီတိုင်းအတွင်း တိုင်းရင်းသားကုမ္ပဏီများကို ဆီအုန်းစိုက်ပျိုးရေးအတွက် မြေလွတ်မြေရိုင်းများ ခွဲဝေချထားပေးမှု၊ မြေယာပြုပြင်မှုနှင့် စိုက်ပျိုးမှုအခြေအနေ၊ ဆီအုန်းခြံများ၌ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မကွေးတိုင်း

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းက မကွေးတိုင်းအတွင်း လယ်မြေ၊ ယာမြေ ဖော်ထုတ်လုပ်ကိုင်နေသည့်ဌာနများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား မြေယာများချထားပေးခဲ့မှု၊ လုပ်ပိုင်ခွင့်ရ မြေယာများတွင် စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဝါကြီး၊ ချည်မျှင်ရှည်ဝါနှင့် အခြားသီးနှံများ စိုက်ပျိုးထားသည့် အခြေအနေ၊ နှမ်း၊ ကြက်သွန်နီ စိုက်ပျိုးရေးအတွက် မြေနေရာအသစ် ချထားမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မွန်ပြည်နယ်

ယင်းနောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်က မွန်ပြည်နယ်တွင် ရော်ဘာစိုက်ဧကကို တစ်နိုင်ငံလုံး၏ ၄၆ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့မှု၊ မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ငါးနှစ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၀၃–၂၀၀၄ခုနှစ်အထိ စုစုပေါင်းဧက နှစ်သိန်းကျော် စိုက်ပျိုးနိုင်ခဲ့မှု၊ ၂၀၀၄–၂၀၀၅ခုနှစ်မှ ၂၀၀၈–၂၀၀၉ခုနှစ်အထိ နှစ်စဉ်ရော်ဘာစိုက်ဧက တိုးတက်စိုက်ပျိုးနိုင်ရေးအတွက် ရည်မှန်းချက်ချမှတ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်က ဧရာဝတီတိုင်းအတွင်း မိုးစပါးစိုက်ဧက ၃၆သိန်း ပြည့်မီရေးနှင့် မွေးမြူရေးဧက တစ်သိန်း ပြည့်မီရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပါဝင်ပူးပေါင်း အကောင်အထည်ဖော်ရေး၊ လုပ်ငန်းရှင်များ၏ လက်ရှိလုပ်ကွက်များ၌ မိုးသီးနှံ စိုက်ပျိုးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က တိုင်းရင်းသားလုပ်ငန်းရှင်များအား ပြည်နယ်တိုင်းများ၌ စိုက်ပျိုးရန် မြေနေရာခွင့်ပြုချထားမှု၊ လုပ်ငန်းရှင်များ၏ ကုမ္ပဏီအလိုက် မြေယာများ ဖော်ထုတ်စိုက်ပျိုးပြီးစီးမှု၊ တနင်္သာရီတိုင်းအတွင်း ဆီအုန်းဆီကြိတ်စက်ရုံထူထောင်ပြီးစီးမှု၊ ဆီအုန်းစိုက်ပျိုးစရိတ် ချေးငွေရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှု၊ ကော်ဖီ၊ မက္ကဒေးမီးယား တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လိုသူများအတွက် မြေယာ၊ မျိုးနှင့် နည်းပညာ ပံ့ပိုးကူညီပေးမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုမ္ပဏီအလိုက် စီမံဆောင်ရွက်မှုများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စိုက်ပျိုးမြေရယူထားသည့် ကုမ္ပဏီအလိုက် လျာထားချက်များနှင့်အညီ သီးနှံများကို တိုးချဲ့စိုက်ပျိုးရေး၊ လုပ်ကွက်အလိုက် သီးနှံစိုက်ဧက၊ အထွက်နှုန်း စသည့် ကိန်းဂဏန်းများ မှန်ကန်စွာပြုစုရေး၊ လုပ်ငန်းရှင်များအား မြေယာလုပ်ကိုင်ခွင့် အမြန်ခွင့်ပြုရေး၊ အမှန်တကယ် တောရှင်းစိုက်ပျိုးသည့်မြေများကို လုပ်ပိုင်ခွင့်များ တရားဝင်အပ်နှင်းရေး၊ ဒေသခံ တောင်သူ... သမားများနှင့် အကျိုးတူ ပူး... ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုး... တို့ကို ဆောင်ရွက်ရေးတို့နှင့် စပ်... ၍ ပြန်လည်ရှင်းလင်း ဆွေး... မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးများနှင့်... ဆိုင်ရာတာဝန်ရှိသူများက လိုအပ်... များကို ဖြည့်စွက်ရှင်းလင်း ... ကြသည်။

ယင်းနောက် နိုင်ငံတော် အေး... သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်... ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်... ကြီးသူရရွှေမန်းက ရှင်းလင်းဆွေး... ပြီး နိဂုံးချုပ်အမှာစကားပြောကြ... ညှိနှိုင်းအစည်းအဝေးကို ရုပ်... လိုက်သည်။ (သတင်း...)

စက်တင်ဘာ ၁၆ရက်က (၇၁)နှစ်မြောက် မလေးရှားနိုင်ငံ တပ်မတော်နေ့ညစာစားပွဲသို့ နိုင်ငံတော် အေး... သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟ... တင်အောင်မြင့်ဦးနှင့် ဇနီးတို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Defence Adv... Col. Hj Abbas Bin HJ-Mat နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်း...)



ရှင်းလင်း

အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ နှစ်ရှည်ပင် လုပ်ငန်းနှင့် လယ်မြေ၊ယာမြေလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး အတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ညှိနှိုင်း အစည်းအဝေး (၇/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တင်ပြ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ညွန့်တင် နှစ်ရှည်ပင် လုပ်ငန်းနှင့် လယ်မြေ၊ ယာမြေလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ညှိနှိုင်း အစည်းအဝေး (၇/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

စက်မောင်းဆီ ချွေတာဖို့
သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

* ၂၀၀၅ခုနှစ်မှ

ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားသည်။

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်း တံဆိပ်ခေါင်းများဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်မှ ၂၉ရက်အတွင်း တင်သွင်းကြရမည် ဖြစ်သည်။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများနှင့် တွဲဖက်ကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျသင့်ငွေသွင်း တံဆိပ်ခေါင်းများဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံ စာစစ်အဖွဲ့ရုံးသို့ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၃၁ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်သည်။

သတ်မှတ်ထားသောရက်များအတွင်း အချိန်မီ ပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့် လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှုရှိ–မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်းကို သတိပြုစေလိုသည်။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့(ဖွဲ့ကပင်ဆောင်)တွင် လာရောက်ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစ

၁၇–၉–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓမ္မာအေဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယ်ဥ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ ဘိုင်းဒါးတံတား (ပဲခူးတိုင်း)
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၅:၂၅ ၇။ ၂၀၀၄ခုနှစ်၊ ဒွါဒသမအကြိ... (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်... အဆို၊အက၊အရေး၊အတီး ပြ... ဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ(အခြေခံပညာ၅–... (အမျိုးသား၊ အမျိုးသမီး)
၅:၄၀ ၈။ နည်းစနစ်မှန်မှန် အားကစား...
၅:၅၀ ၉။ ဂီတမဟာ ပျော်စရာ
၆:၀၅ ၁၀။ တေးဂီတအစီအစဉ်
၆:၂၀ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဓာတ်လမ်းတွဲ လူချွန်လူကောင်း (အပိုင်း–...**
၇:၃၅ ၁၅။ နှောင်းခေတ်တေးပဒေသာ...
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **ကောဒသမအကြိမ် (၁၁... မြန်မာ့ရိုးရာ ယဉ်ကျေးမှု... အဆို၊အက၊အရေး၊အတီး (ရုပ်သေးပြိုင်ပွဲ) မဟာဓနကဓာတ်တော်ကြီ... (မန္တလေးတိုင်း)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

သံနှင့်သံထည်ပစ္စည်းသုံးစွဲမှု၊ မိုလ်ဖြင့် ပုံလောင်းနိုင်မှုတို့ ခေတ်မီလာသည်နှင့် အမျှ ပုဂ္ဂလိက စက်မှုလုပ်ငန်း၏ အရည်အသွေးတိုးတက်မှု အလှည့်အပြောင်းဖြစ်သွားမှာ သေချာ

✧ မိမိတို့နိုင်ငံမှ

ညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် စက်မှုဇုန်များနှင့် စပ်လျဉ်း၍အချက်နှစ်ချက်တင်ပြလိုကြောင်း၊ ပထမတစ်ချက်မှာ သဘာဝဓာတ်ငွေ့ (CNG)သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသုံးစွဲသည့်လုပ်ငန်း၌ စက်မှုဇုန်ရှိ ပုဂ္ဂလိကများက ပါဝင်ဆောင်ရွက်ရေးဆိုသည့်အချက်ဖြစ်ကြောင်း။

ယနေ့ကာလသည် ကမ္ဘာ့ရေနံဈေးနှုန်းမှာ အံ့မခန်းမြင့်တက်နေချိန်ဖြစ်ကြောင်း၊ ယင်းသို့သော အချိန်တွင် မိမိတို့နိုင်ငံ၌ ဈေးနှုန်းသက်သာသည့် သဘာဝဓာတ်ငွေ့မှာ ကုန်းတွင်းပိုင်း၌ပင် ပိုမိုထွက်ရှိလာသည့် အခြေအနေကောင်းဖြစ်ပေါ်လာကြောင်း၊ ယင်းသဘာဝဓာတ်ငွေ့ကို ဓာတ်ဆီ၊ ဒီဇယ်ဆီအစား ပြောင်းလဲသုံးစွဲ၍ မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုနေသည်မှာ မိမိတို့အတွက် အသစ်အဆန်းမဟုတ်ဘဲ အင်းစိန်၊ မှော်ဘီ၊ မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ချောက်တို့၌ လွန်ခဲ့သော အနှစ် ၂၀ခန့်ကပင် သုံးစွဲနေသည့် အတွေ့အကြုံရှိပြီးဖြစ်ကြောင်း၊ ယင်းဒေသများ၌ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ် ၅၈၇စီးရှိပြီး အောင်မြင်စွာ ပြေးဆွဲလျက်ရှိသည်မှာ ယနေ့အထိပင်ဖြစ်ကြောင်း။

စရိတ်စကသက်သာ

ယင်းအတွေ့အကြုံကောင်း၊ အခြေအနေကောင်းကို အသုံးချ၍ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသုံးစွဲရန် နိုင်ငံတော်က ဦးစီးစီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အများသုံးခရီးသည်တင်ကားများနှင့် ကုန်တင်ကားများကို ဦးစားပေးပြောင်းလဲသုံးစွဲခြင်းဖြင့် သွားလာဆက်သွယ်မှု ပိုမိုသွက်လက်လာစေရုံသာမက သယ်ယူပို့ဆောင်စရိတ်စကလည်း များစွာ သက်သာစေမှာဖြစ်ကြောင်း။

ယင်းသို့ပြောင်းလဲသုံးစွဲရာ၌ စွမ်းအင်ဝန်ကြီးဌာနက ဓာတ်ငွေ့ရောင်းချပေးမည်ဖြစ်ပြီး ကျန်မော်တော်ယာဉ်ပြုပြင်ပြောင်းလဲမှုအပိုင်းများကို ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအပိုင်းက ကျယ်ကျယ် ပြန့်ပြန့် တီထွင်ကြံဆလုပ်ကိုင်စေလိုကြောင်း၊ (CNG Kits) ဝယ်ယူခြင်း၊ တပ်ဆင်ခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်းတို့ကို ပုဂ္ဂလိကအပိုင်းက လုပ်ကိုင်သွားမှသာ ပိုမိုသွက်လက်မြန်ဆန်ပြီး လုပ်ငန်းတွင်ကျယ်မှာဖြစ်ကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့က နည်းပညာအကူအညီပေးသွားမည် ဖြစ်ကြောင်း။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၄)တွင် ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ခြုံလိုက်လျှင် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းအကောင်အထည်ဖော် သွားကြရန်ဖြစ်ကြောင်း။

ချိန်ကိုက်ပြီးစီးအောင်

ဒုတိယပြောကြားလိုသည့်အချက်မှာ မန္တလေး၊ မုံရွာနှင့် အေးသာယာစက်မှုဇုန်များ၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံဖိအလုပ်ရုံများကို ထူထောင်နေရာ နိုင်ငံခြားမှ စက်ပစ္စည်းများ ရောက်ရှိလာချိန်နှင့် ချိန်ကိုက်ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ရန် အရေးကြီးကြောင်း၊ ထို့ပြင် လိုအပ်သော ကုန်ကြမ်းများ စုဆောင်းထားရန်လိုအပ်သကဲ့သို့ အပ်ကုန်များ ရရှိအောင်လည်း ကြိုတင်ညှိနှိုင်းထားရန်လိုကြောင်း၊ ဝန်ကြီးဌာနများမှ အပ်ကုန်၊အခြားစက်မှုဇုန်များမှ အပ်ကုန်အမျိုးမျိုးရရှိရန်လိုအပ်ကြောင်း၊ သံနှင့်သံထည်ပစ္စည်း ကိုင်တွယ်သုံးစွဲမှု၊ မိုလ်ဖြင့် ပုံလောင်းနိုင်မှုတို့ ခေတ်မီလာသည်နှင့် အမျှ ပုဂ္ဂလိကစက်မှုလုပ်ငန်း၏ အရည်အသွေး တိုးတက်မှုသည် အလှည့်အပြောင်းဖြစ်သွားမှာ သေချာကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ခေတ်မီတိုးတက်ရေးအတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကူညီကြရန်နှင့် အလားအလာကောင်းသည့် စက်မှုထွက်ကုန် အမယ်သစ်(အမည်သစ်)များ ထုတ်လုပ်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေးတို့အတွက် ပြုစုပျိုးထောင်အားပေးသွားကြရန် ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

မော်တော်ယာဉ်ထုတ်လုပ်မှု ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော် စက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၄)တွင် ဘတ်စ်ကားနှင့် ထရပ်ကားများ၌ သဘာဝဓာတ်ငွေ့သုံး CNG အင်ဂျင်များဖြင့် ပြောင်းလဲတပ်ဆင်အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၄)တွင် ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ထို့နောက်စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ကမ္ဘာ့ဈေးကွက်၌ စက်မောင်းဆီဈေးနှုန်းမှာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✦

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၄)သို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။
(သတင်းစဉ်)

သဘာဝဓာတ်ငွေ့ကို ဓာတ်ဆီ၊ ဒီဇယ်ဆီအစား ပြောင်းလဲသုံးစွဲ၍ မော်တော်ယာဉ်များ မောင်းနှင် အသုံးပြုနေသည်မှာ မိမိတို့အတွက် အသစ်အဆန်း မဟုတ်ဘဲ အင်းစိန်၊ မှော်ဘီ၊ မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ချောက်တို့၌ လွန်ခဲ့သော အနှစ် ၂၀ခန့်ကပင် သုံးစွဲနေသည့် အတွေ့အကြုံရှိပြီးဖြစ်။

ယင်းဒေသများ၌ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ် ၅၈၇စီးရှိပြီး အောင်မြင်စွာ ပြေးဆွဲလျက်ရှိသည်မှာ ယနေ့အထိပင်ဖြစ်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် စက်မှုဇုန်များမှ ထုတ်လုပ်ထားသော သဘာဝဓာတ်ငွေ့ CNG သုံး မော်တော်ယာဉ် အင်ဂျင်ကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

❖ စာမျက်နှာ ၁၀ မှ

အခြေအနေအကြောင်း အမျိုးမျိုးကြောင့် မြင့်တက်သည်ထက် မြင့်တက်လျက်ရှိကြောင်း။

စက်မောင်းဆီ အခက်အခဲရှိနေချိန်တွင် စွမ်းအင်ဝန်ကြီးဌာန၏ ဖော်ထုတ်မှုဖြင့် မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့ ပြောင်းလဲအသုံးပြုရေးကိစ္စမှာ အခြေအနေများအရ အလွန်ဆောင်ရွက်ထိုက်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် အသွင်ကူးပြောင်းဆောင်ရွက်ရေး လုပ်ငန်းများ အောင်မြင်ရေးအတွက် နိုင်ငံတော်အပိုင်းက အပြည့်အဝ အားပေးကူညီသွားမည်ဖြစ်၍ မိမိတို့အားလုံးက အားကြိုးမာန်တက် ဝိုင်းဝန်းအကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်း။

ဓာတ်ဆီ၊ ဒီဇယ်ဆီများအစား သဘာဝဓာတ်ငွေ့ကို အသုံးပြုပါက ကုန်ကျစရိတ် များစွာလျော့နည်းသက်သာစေနိုင်ကြောင်း။

တီထွင်ကြံဆ

ထို့ကြောင့် သဘာဝဓာတ်ငွေ့ကို မော်တော်ယာဉ်များ၌ လွယ်လင့်တကူ အသုံးပြုနိုင်မှု များပြားသည်ထက် များပြားလာအောင် စက်မှုလုပ်ငန်းရှင်များက တီထွင်ကြံဆ ကြိုးပမ်းအားထုတ်ကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားပြီး စက်မှုဇုန်များ၏ မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းဆိုင်ရာများ၊ မန္တလေးစက်မှုဇုန်၊ တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌ တည်ဆောက်လျက်ရှိသည့် ခေတ်မီသံရည်ကျိုပုံလောင်း၊ ပုံဖိအလုပ်ရုံတို့နှင့် စပ်လျဉ်း၍ သိရှိဆောင်ရွက်သင့်သည်များကို ဆက်စပ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က စက်မှုဇုန်ထုတ် မော်တော်ယာဉ်များကို စမ်းသပ်စစ်ဆေးပေးခဲ့မှုများ၊ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် မော်တော်ယာဉ်များကို အသွင်ပြောင်းသွားရန် စီစဉ်ထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်တော်ယာဉ်ထုတ်လုပ်မှုကြီးကြပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က ဘတ်စ်ကားနှင့် ထရပ်ကားများတွင် သဘာဝဓာတ်ငွေ့သုံး CNG အင်ဂျင်များဖြင့် ပြောင်းလဲတပ်ဆင် အသုံးပြုခြင်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မုံရွာစက်မှုဇုန်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မုံရွာစက်မှုဇုန်၌ တည်ဆောက်လျက်ရှိသည့် ခေတ်မီသံရည်ကျို ပုံလောင်း၊ ပုံဖိအလုပ်ရုံတို့ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သဘာဝဓာတ်ငွေ့ဖြင့် မော်တော်ယာဉ်များ ပြောင်းလဲသုံးစွဲမှုအောင်မြင်ရေး၊ စက်မှုဇုန်များ၏ အရည်အသွေးမြင့်မားလာပြီး စက်မှုထုတ်ကုန်အမယ်သစ်(အမည်သစ်)များ တိုးချဲ့ထုတ်လုပ်လာအောင် အားပေးပျိုးထောင်ရေးတို့အတွက် လိုအပ်သည်များကို မှာကြားရှင်းလင်းပြီး ပုဂ္ဂလိကစီးပွားရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရန် အရေးကြီးပုံ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ နိုင်ငံတော်၏ နိုင်ငံရေးမူဝါဒလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော်ရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြား၍ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်း၌ ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးဝင်းအတွင်း စီစဉ်ပြသထားသည့် ရွှေသာယာမော်တော်ကားထုတ်လုပ်ရေးက တပ်ဆင်ထားသည့် သဘာဝဓာတ်ငွေ့သုံး ၁၀ဘီး ကုန်တင်ယာဉ်၊ သာကေတစက်မှုဇုန် မော်တော်ယာဉ် ထုတ်လုပ်ရေးကော်မတီ၏ NIBBAN-UD Light Truck သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်နှင့် ရွှေပြည်သာစက်မှုဇုန် မြန်မာ့အားမာန် မော်တော်ယာဉ်ထုတ်လုပ်ရေး၏ MAM Extra Cab Mark 1 သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စက်မှုလုပ်ငန်းရှင်များအား နှုတ်ဆက်အားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံက ထုတ်လုပ်ထားသည့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ၌ အသုံးပြုနိုင်သော မော်တော်ယာဉ်သုံး စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သဘာဝဓာတ်ငွေ့ဖြင့် မော်တော်ယာဉ် အင်ဂျင်၊ကူဘိုတာ အင်ဂျင်များ ဆက်စပ်အသုံးပြုနိုင်မှု ပြသထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် စက်မှုဇုန်တို့က သဘာဝဓာတ်ငွေ့ အသုံးပြုမောင်းနှင်နိုင်ရန် ပြုပြင်တပ်ဆင်ထားသည့် ဆလွန်းကား၊ မာဇဒါဂျစ်ကား၊ ဘတ်စ်ကားများ၊ တီအီး ၂၁ အမျိုးအစား ကုန်တင်ယာဉ်များ၊ ခရီးသည်တင် ဒိုင်နာ Light Truck နှင့် ခရီးသည်တင် ဟိုင်းလပ် ပစ်ကပ်ယာဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး အားပေးကြသည်။ (သတင်းစဉ်)

ရှင်ဥပဂုတ္တ ရဟန္တာမြတ် ပူဇော်ပွဲနှင့် လှေလှော်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်၏ (၁၁၆)ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာမြတ် မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို စက်တင်ဘာ ၂၁ရက်မှ ၂၈ရက် (တော်သလင်းလပြည့်နေ့) အထိ ရှေးရိုးစဉ်လာမပျက် ကျင်းပသွားမည်ဖြစ်ရာ ကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပွဲတော်ရက်များအတွင်း မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ(အမျိုးသား၊အမျိုးသမီး)၊ အမျိုးသားရေကူးပြိုင်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ရေပြင်ချောတိုင်တက်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲနှင့် မြန်မာ့ရိုးရာအမျိုးသမီး လှေတက်ရေးပြ အက၊ တက်ပျံယိမ်း၊ တက်ခုတ်ယိမ်းအလုပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ပြီး ညစဉ် ရှင်ဥပဂုတ္တ ရဟန္တာမြတ်အား ဆီမီးကြာခွက်များဖြင့် မီးမျှော ပူဇော်၍ မြန်မာ့ဆိုင်းဝိုင်း၊ အငြိမ့်၊ စင်တင်တေးဂီတနှင့် ရုပ်ရှင်တို့ဖြင့် ညှော်ခံဖျော်ဖြေသွားမည်ဖြစ်သည်။

စောင့်မျှော်ပူဇော်

ပွဲတော်တွင် အပူဇော်ခံမည့် ရှင်ဥပဂုတ္တ ရဟန္တာရုပ်ပွားတော်မြတ်အား စက်တင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ကျောက်ကြီးမြို့သို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်သွားမည်ဖြစ်ရာ ရန်ကုန်၊ ပဲခူး၊ ညောင်လေးပင်၊ ပဲနွယ်ကုန်းနှင့် ကျောက်ကြီးမြို့နယ်ခရီးလမ်းတစ်လျှောက်မှ ဗုဒ္ဓဘာသာဝင်များ စောင့်မျှော်ပူဇော်နိုင်ကြသည်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် စင်ကာပူ တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သော မကေခိုင်လွင်အား ဂုဏ်ပြုဆုငွေ ကျပ်ခုနစ်သိန်း ချီးမြှင့်စဉ်။ (ကြေးမုံ)

စင်ကာပူနှင့် မလေးရှား တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ အောင်မြင်မှုရ အားကစားသမားများအား ဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၁၆

(၆၆)ကြိမ်မြောက် စင်ကာပူတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲနှင့် (၈၁)ကြိမ်မြောက် မလေးရှားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော မြန်မာပြေးခုန်ပစ် လက်ရွေးစင်အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပွဲကို ယမန်နေ့ည ၇နာရီခွဲက ပန်ဒါဟိုတယ်တွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ (မန်နေဂျင်းဒါရိုက်တာ၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်)၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အောင်ပွဲရ အားကစားသမားများ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် စင်ကာပူတံခွန်စိုက်ပြေးခုန်ပစ် ပြိုင်ပွဲတွင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါသွားသည့် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း (ထူးထရေးဒင်းကုမ္ပဏီလီမိတက်)က ပြိုင်ပွဲအခြေအနေနှင့်ပတ်သက်၍လည်းကောင်း၊ မလေးရှား တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲတွင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါသွားသည့် အမှုဆောင် ဦးသာအောင်က ပြိုင်ပွဲအခြေအနေနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စင်ကာပူတံခွန်စိုက်ပြိုင်ပွဲ၌ ဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ရွှေတံဆိပ်သုံးခုရ ကေခိုင်လွင်အား ဂုဏ်ပြုဆုငွေကျပ်ခုနစ်သိန်းကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ရွှေတံဆိပ်သုံးခုရ မြင့်မြင့်အေးအား ဂုဏ်ပြုဆုငွေကျပ်ခုနစ်သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ရွှေတံဆိပ်နှစ်ခုရ အောင်သီဟအား ဂုဏ်ပြုဆုငွေကျပ်ခြောက်သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အထွေထွေအတွင်းရေးမှူး ဒေါ်အေးအေးက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုရ ဖြူဝါသက်အား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် တာဝန်ခံနာယက ဒေါ်အေးပြည့်ဝေခင်က ရွှေတံဆိပ်တစ်ခုနှင့် ငွေတစ်ဆိပ်နှစ်ခုရ လဲ့လဲ့ဝင်းအား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် နာယက ဒေါ်တင်တင်ညွန့်က ရွှေတံဆိပ်တစ်ခုရ ကေခိုင်မျိုးထွန်းအား ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် နာယက ဒေါ်မြသီတာက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုရ ယဉ်ယဉ်ခိုင်အား ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

၎င်းနောက် မလေးရှားတံခွန်စိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆက်လက်ချီးမြှင့်ရာ မြန်မာနိုင်ငံ ပြေးခုန်ပစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇ(မန်နေဂျင်းဒါရိုက်တာ ထူးထရေးဒင်းကုမ္ပဏီလီမိတက်)က ရွှေတံဆိပ် တစ်ခုရ ကျော်စွာမိုးအား ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုရ ဇော်မင်းထွေးအား ဂုဏ်ပြုဆုငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲတွင် မြန်မာပြည်စံချိန်ဟောင်း ၂ဒသမ ၉၆ မီတာကို ၃ ဒသမ ၁၀မီတာဖြင့် မြန်မာပြည် စံချိန်သစ် တင်ခဲ့သူ နေနေဝင်းအား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်အနေဖြင့် ရွှေတံဆိပ်တစ်ခုလျှင် ကျပ်သုံးသိန်း၊ ငွေတံဆိပ် တစ်ခုလျှင် ကျပ်နှစ်သိန်း၊ ကြေးတံဆိပ်တစ်ခုလျှင် ကျပ်တစ်သိန်း၊ လက်ဆင့်ကမ်း ရွှေတံဆိပ်တစ်ခုလျှင် ကျပ်လေးသိန်း၊ မြန်မာပြည်စံချိန်သစ်တင်လျှင် ကျပ်ငါးသိန်းဖြင့် ချီးမြှင့်ခဲ့ရာ စုစုပေါင်း ချီးမြှင့်ငွေမှာ ကျပ် ၄၇သိန်းဖြစ်သည်။ (ကြေးမုံ)

အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲ မြို့တော်စည်ပင်နိုင်

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့တော်စည်ပင်အသင်းက လယ်ယာ/ဆည်မြောင်းအသင်းကို ကိုးဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ် အနိုင်ရရှိသွားသည်။ (ကြေးမုံ)

ဘော်လီဘောအဖွဲ့ချုပ်မှ ပစ္စည်းများပေးအပ် ပို့ဆောင်ရေးအမျိုးသမီးဘော်လီဘောအသင်း ဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်က ကူညီပံ့ပိုးသော အားကစား အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပွဲနှင့် ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘော်လီဘော(က) အသင်းအား ဂုဏ်ပြုချီးမြှင့် ငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ရက်နံနက်၁၀နာရီက ကမ်းနားလမ်းရှိ သိမ်ဖြူသင်္ဘောကျင်း အစည်းအဝေးခန်းမတွင်ကျင်းပရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌွေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ အတွင်းရေးမှူးဦးစိုးသိမ်း၊ ဘဏ္ဍာရေးမှူး ဦးစိန်သောင်း၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ အောင်ပွဲရအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် ကစားသမားများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌွေးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ ကူညီပံ့ပိုးသော အားကစားအသုံးအဆောင်ပစ္စည်းများကို အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ပေးအပ်လှူဒါန်းရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌွေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အောင်ပွဲရ ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီး(က) ဘော်လီဘောအသင်းအား ဝန်ကြီးရုံးသာရေး၊ နာရေးကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သာရေး၊ နာရေးကော်မတီ၊အေးရှားဝေါလ်ဆိပ်ခံတံတား၊ MITT ဆိပ်ခံတံတား၊ MIP ဆိပ်ခံတံတား MIPL/APEO ကုမ္ပဏီ MPA/Alied ကုမ္ပဏီ၊ မန်းမြန်မာကုမ္ပဏီ၊ OME ကုမ္ပဏီ၊ Prominent Shipping၊ Viking ကုမ္ပဏီနှင့် မြစ်တွင်းသွားတွဲရေယာဉ်များအသင်းတို့က ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ အသင်းအုပ်ချုပ်သူ ဒုတိယအထွေထွေမန်နေဂျာ (စက်မှု) ဦးမြင့်သောင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ၎င်းနောက်အောင်ပွဲရ အသင်းနည်းပြ ဦးမြတ်ချိုဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆွတ်ခူး

ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီး ဘော်လီဘောအသင်းသည် ၁၉၇၅ခုနှစ်မှ ပြီးခဲ့သည့် မိုးရာသီအလွတ်တန်း ပြိုင်ပွဲအပြီးအထိ ပြိုင်ပွဲပေါင်း ၈၉ ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ၇၈ကြိမ်၊ ဒုတိယဆုကိုးကြိမ်၊ တတိယဆုနှစ်ကြိမ် ဆွတ်ခူးရရှိထားသည်။

(ကြေးမုံ)

လက်ခံယူ

မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်မှ ကူညီပံ့ပိုးသော အားကစား အသုံးအဆောင် ပစ္စည်းများကို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ပေးအပ်လှူဒါန်းရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌွေး လက်ခံယူစဉ်။ (ကြေးမုံ)

(၁၈၉)ကြိမ်မြောက် ကျပ် ၅၀ တန် ထီဖွင့်ပွဲ အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

(၁၈၉)ကြိမ်မြောက် ကျပ် ၅၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ အောက်တိုဘာ ၁ ရက် (သောကြာနေ့) နံနက် ၉ နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ယခုဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ကျပ်သိန်း ၃၀၀ တစ်ဆု၊ ကျပ်သိန်း၅၀ ၃၁ဆု၊ ကျပ် ၂၅ သိန်း ၁၃ ဆု၊ ကျပ်ခြောက်သိန်း ၆၈၄ ဆု၊ ကျပ် ငါးသိန်း နှစ်ဆု၊ ကျပ် လေးသိန်း လေးဆု၊ ကျပ်နှစ်သိန်း ၁၉ ဆု၊ ကျပ်တစ်သိန်း ၁၇၁ဆု၊ ကျပ်ရှစ်သောင်း ၂၄ဆု၊ ကျပ်ငါးသောင်းဆု ၁၇၁၀၊ ကျပ်လေးသောင်း ၄၇ ဆု၊ ကျပ်နှစ်သောင်း ၃၂၃ ဆု၊ ကျပ်တစ်သောင်းဆု ၁၇၁၀၀ စုစုပေါင်း ၂၀၁၂၉ ဆု ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ယခု (၁၈၉)ကြိမ်မြောက် ကျပ်၅၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို အောက်တိုဘာ ၆ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၁၆

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး ကော်မတီက ၂၀၀၄ ခုနှစ်အတွက် (၁၅)ကြိမ်မြောက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

ယခုနှစ်တွင် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်း အဆင့်၊အခြေခံပညာ အထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်၊ တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်လေးရပ်ဖြစ်သည်။

ပြိုင်ပွဲဝင် စာမူများအတွက် စာလုံးရေကန့်သတ်ချက်များမှာ ပြိုင်ပွဲဝင်ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀ မှ ၈၀၀၀ အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင် ဆောင်းပါးသည် စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင် ကဗျာသည် စာလုံးရေ၃၀၀မှ ၉၀၀အတွင်းပါရှိရမည် ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ **ဖွံ့ဖြိုးဝေစည် မြန်မာပြည်** ဖြစ်သည်။

ချီးမြှင့်မည်

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ဦးထွန်းမင်း တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

လယ်တီစံရိပ်သာ မဂ္ဂင်ကျောင်းဆောက်လုပ်ရေး လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် နှစ်ထပ် မဂ္ဂင်ကျောင်းတော်ကြီး တည်ဆောက်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများ ပဓာန နာယကဆရာတော်ကြီး၊ ကမ္မဋ္ဌာနာဆရာတော်များနှင့် ဥပဋ္ဌာပက အကျိုးတော်ဆောင်တို့တွင် လှူဒါန်းနိုင်ပြီး ရိပ်သာဖုန်း-၂၀၁၆၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကားသစ် ရုံတင်ပြသ

ရန်ကုန် စက်တင်ဘာ ၁၆

ယခုသောကြာပတ်တွင်ကတ္တီပါရင်ခွင်ရုပ်ရှင်၊ ဒါရိုက်တာ မောင်မျိုးမင်း၏ **ပင်လယ်မင်းသား** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများ၌ ဆက်လက်ပြသနေသည်။ ပင်လယ်ကမ်းခြေတစ်နေရာတွင် အခြေခံသော ပင်လယ်မင်းသားဇာတ်ကား၌ လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာတို့ သရုပ်ဆောင်ပါဝင်ထားကြသည်။

ပေပါမွန်းရုပ်ရှင်မှ လွင်မိုး၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာတို့ သရုပ်ဆောင်ကြသည့် **အပြောင်းအလဲ** ဇာတ်ကားမှာ ရွှေဆောင်၊ နဝဒေးရုံများ၌ ဆက်လက်ရုံတင်ဆဲရှိသည်။

နေပြည်တော်ရုံတွင် **TROY** အမည်ရှိ တိုက်ပွဲခန်းများကို အသားပေး၍ ခမ်းနားစွာရိုက်ကူးထားသော ရာဇဝင်အက်ရှင်ဇာတ်ကြမ်း ဆက်လက်ပြသနေသည်။

ဆက်လက်၍ ရွှေဂုန်ရုံတွင် CLIFF HANGER အမည်ရှိ အက်ရှင်ဇာတ်ကြမ်းကား ရုံတင်ပြသသည်။ ကမ္ဘာကျော်မင်းသား စတားလုံး၏ သက်စွန့်ဆံဖျား တောင်တက်ခန်းများကို ရိုက်ကူးပြသထားသည်။

မြို့မရုံတွင် DEVDAS အမည်ရှိ အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကားသစ် ရုံတင်ပြသသည်။ အသက်မကကချစ်ကြသော ချစ်သူနှစ်ဦး၏ မေတ္တာတရားကို ဖော်ကျူးထားသည်။ သရုပ်ဆောင် မင်းသား ရှုရွတ်ခန်နှင့် မင်းသမီး မာဒူရီဒူဆစ်တို့ ပါဝင် သရုပ်ဆောင်ကြသည်။

ဘုရင်ရုံကြီးတွင် PHIR BHI DIL HAI HINDUSTANI အမည်ရှိ (သာမန်အိန္ဒိယသားတစ်ဦးရဲ့ စိတ်ဓာတ်) မေတ္တာဘွဲ့ဇာတ်ကားရုံတင်ပြသနေသည်။

ဆုထူးပန်ရုံတွင် DIL CHAHTA HAIအမည်ရှိ အကယ်ဒမီဆုရ အချစ်ဟာသဇာတ်မြူး ဇာတ်ကားရုံတင်သည်။

DEVDAS **အိန္ဒိယဇာတ်ကားမှ သရုပ်ဆောင်ဟန်။**

ပင်လယ်မင်းသားဇာတ်ကားမှ လွင်မိုးနှင့်အိန္ဒြာကျော်ဇင်။

ရတနာပုံရုံတွင် **ကမ်းလွန်ပင်လယ် ပြင်ကိုဗဟိုပြု၍** အချစ်ဟာသ ဇာတ်ကား ပြသနေသည်။ ဒွေးနှင့် နန္ဒာလှိုင်တို့ သရုပ်ဆောင်ထားကြသည်။

(ကြေးမုံ)

နိုင်ငံခြား ရာဇဝင်ဇာတ်ကား TROY မှ ဇာတ်ဝင်ခန်းတစ်ခန်း။

ဆုံစည်းစေရုပ်ရှင် ဇာတ်ကားသစ် ရုံတင်ပြသမည်

ရန်ကုန် စက်တင်ဘာ ၁၆

လာမည့် သောကြာပတ်တွင် ဖီးနစ်ရုပ်ရှင်မှ ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူး၍ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင်သည့် **ဆုံစည်းစေ**ရုပ်ရှင် ဇာတ်ကားသစ်ကြီး ရုံတင်ပြသမည်ဟု သိရသည်။

(ကြေးမုံ)

ဆုံစည်းစေ

ရုံတင်ပြသမည့် ဆုံစည်းစေ ဇာတ်ကားသစ်မှ ရာဇာနေဝင်းနှင့် ကင်းကောင်။

○ အကြိမ်(၂၀)မြောက်မှ

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၊အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ဖိတ်ကြားထားသူများ၊တပ်မတော်အရာရှိစစ်သည်များနှင့် ၎င်းတို့၏မိသားစုများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မိန့်ခွန်းပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ဘောလုံးအသင်းနှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နယ်ဇုန်များတွင် စက်တင်ဘာ ၂၀ရက်မှ ၂၉ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ (က)အုပ်စု ရတခဇုန်(မော်လမြိုင်)၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး) နှင့် (င)အုပ်စု တပခဇုန် (တောင်ငူ)တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

အမှတ်(၁၄၈) ၂၁လမ်း လသာမြို့နယ်နေ ဦးဝင်း-ဒေါ်ကျင်မီ မိသားစုက ဦးဝင်း၏ နှစ်(၇၀)ပြည့် မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေ ကျပ်တစ်သိန်းကို စက်တင်ဘာ ၇ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးရဲထွန်းလက်ခံယူစဉ်။(က-ပ)

(၁၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၄ခုနှစ် (၁၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၄ရက် နံနက် ၈နာရီခွဲတွင် မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီ နာယက တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်နွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနား လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးဇော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိစစ်သည်မိသားစုဝင်များ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အဆိုပါ ပြိုင်ပွဲကို စက်တင်ဘာ ၁၀ရက်မှစတင်၍ ပြိုင်ပွဲဝင်အသင်း ၂၃သင်းဖြင့် ကျင်းပခဲ့ရာ နောက်ဆုံးဗိုလ်လုပွဲစဉ်များအဖြစ် (က)အဆင့် အမျိုးသား ပင်းဝိတ်တန်း ဗိုလ်လုပွဲတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အမှတ်(၇၇) ခြေမြန် တပ်မဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကြရာ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းက လည်းကောင်း၊ (ခ)အဆင့် ပင်းဝိတ်တန်း အမျိုးသားဗိုလ်လုပွဲတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကြရာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြုအသင်းက လည်းကောင်း၊ (ခ) အဆင့် ပင်းဝိတ်တန်း အမျိုးသမီးဗိုလ်လုပွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကြရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းက လည်းကောင်း အသီးသီး အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားတံခွန်စိုက်ဖလား ပထမဆုရ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယဆုရ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အသင်းနှင့် တတိယဆုရ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု အသင်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက လည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဖလားပထမဆုရ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြုအသင်း၊ ဒုတိယဆုရ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့်တတိယဆုရ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့အား တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်နွဲ့က လည်းကောင်း၊ တစ်ဦးချင်းအလိုက် ဆုရရှိသူအားကစားသမားများအား တာဝန်ရှိသူများက လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြရာ အသင်းလိုက် တာဝန်ခံများက လက်ခံယူကြသည်။

ထို့နောက် ဒိုင်အဖွဲ့နှင့်သရုပ်ပြအဖွဲ့၊ တပ်မတော် တိုက်ကွမ်ဒိုအဖွဲ့နှင့် ဆေးအကာအကွယ်ပေးအဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၁၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အမျိုးသမီးတံခွန်စိုက်ဖလား ပထမဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်နွဲ့က တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးအဖွဲ့ တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီခေါင်းဆောင်သော အဖွဲ့ဝင် ၁၉ဦးတို့သည် စက်တင်ဘာ ၁၆ရက်မှ ၁၉ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးညီလာခံသို့တက်ရောက်ရန် စက်တင်ဘာ ၁၄ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အောက်ပုံ) (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်မှု ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့

၂၀၀၄ခုနှစ်၊စက်တင်ဘာလ (၁၄)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၈၁၀၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

စက်တင်ဘာလ ၁၆ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းမီးရထားရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး အလင်းရောင် စာကြည့်တိုက် ဖွင့်လှစ်ရန် စာအုပ်များပေးအပ်လှူဒါန်းပွဲကို ရပ်ကွက်ရုံးတွင်ပြုလုပ်ရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့က သုတ/ရသစာအုပ် ၁၀၀ကို ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။

(၃၂)

အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း အမှတ်(၃၁၃) ပထမထပ်နေ ကွယ်လွန်သူ ဖခင်ကြီး ဦးသန်းညွန့်(ပညာ့တန်ဆောင်)နှင့် မိခင်ကြီး ဒေါ်လှစိန်တို့အားရည်စူး၍ ဦးမျိုးမြင့်၊ ဒေါ်စန်းစန်းဝင်း၊ သမီး မအေးဆုမြတ်သွယ်၊ မလှဲ့ရည်မျိုးမိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ စက်တင်ဘာ ၅ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- **သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။**
- **သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။**
- **ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။**
- **ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။**

ရန်ကုန်မြို့တွင် **လျှပ်စစ်ဓာတ်အား** သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ **လျှပ်စစ်ဓာတ်အား** သုံးစွဲသူတိုင်းက ၄ပေ **မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့်** ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေ အခြေအနေ

ရန်ကုန် စက်တင်ဘာ ၁၆

ဧရာဝတီမြစ်ရေသည် ယနေ့နံနက်၀၆း၃၀နာရီအချိန်တွင် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၁၂၄၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်၂၄နာရီအတွင်း ၂၀စင်တီမီတာ(ပေဝက်ခန့်)မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၀၆း၃၀နာရီအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်၂၈စင်တီမီတာ(တစ်ပေခန့်)ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် လေးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင်ဆက်လက်တည်ရှိနိုင်သည်။

ဆုချီးမြှင့်

မြောက်ဥက္ကလာပမြို့နယ် အထက(၄)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၉ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အောင် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မသိမ့်သိမ့်အေးအား ဆုချီးမြှင့်စဉ်။ (က-ပ)

(၇၁)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၆

ဦးမြင့်စိုး (လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)အကောက်ခွန်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်အမှုဆောင်၊ လူမှုထူးချွန် တတိယဆင့်)**(ယာပုံ)**သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ စက်တင်ဘာ၁၃ရက်က (၇၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။ (က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၆-၉-၂၀၀၄

တောင်တွင်းကြီး

၂ ဒသမ ၄၀ လက်မ

မင်းဘူး

၁ ဒသမ ၉၃ လက်မ

စစ်တွေ

၁ ဒသမ ၆၉ လက်မ



၁။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်မှ အောက်ပါစက်လှေ(၁၂)စီးကို လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

စဉ်	လှေအမည်	အတိုင်းအတာ	အင်ဂျင်	မြင်း	ထားရှိနေရာ
၁။	ငွေပင်လယ်(၀၁၆)	၈၅'x၂၅'x၈'	ကမ်းမင်း	၉၀၀	မှော်စက်(ရန်ကုန်)
၂။	ငွေပင်လယ်(၀၁၉)	၇၄'x၂၁'x၁၁'	ကမ်းမင်း	၅၅၀	မှော်စက်(ရန်ကုန်)
၃။	ငွေပင်လယ်(၀၂၀)	၆၉'x၂၁'x၁၀'	ကမ်းမင်း	၅၂၅	မှော်စက်(ရန်ကုန်)
၄။	ငွေပင်လယ်(၀၂၂)	၇၆'x၂၂'x၉'	ကမ်းမင်း	၈၀၀	ဧ္မြန်မာဆိပ်ကမ်း (ရန်ကုန်)
၅။	ငွေပင်လယ်(၀၃၁)	၆၉.၉'x၂၄'x၁၃'	ကမ်းမင်း	၉၀၀	မှော်စက်(ရန်ကုန်)
၆။	ငွေပင်လယ်(၀၃၂)	၆၅'x၁၇'x၇'	ကမ်းမင်း	၅၀၀	သစ်တောဘွိုင်(ရန်ကုန်)
၇။	ငွေပင်လယ်(၀၃၃)	၆၄'x၂၀'x၉'	ကမ်းမင်း	၅၀၀	သစ်တောဘွိုင်(ရန်ကုန်)
၈။	ငွေပင်လယ်(၀၃၆)	၇၉'x၂၃'x၈'	ကမ်းမင်း	၅၀၀	သစ်တောဘွိုင်(ရန်ကုန်)
၉။	ငွေပင်လယ်(၀၄၉)	၇၆'x၂၀'x၈'	ကမ်းမင်း	၅၂၅	သစ်တောဘွိုင်(ရန်ကုန်)
၁၀။	ငွေပင်လယ်(၀၂၄)	၇၇'x၂၂'x၉'	ကမ်းမင်း	၆၅၀	ငွေပင်လယ်ဘွိုင် (ရန်ကုန်)
၁၁။		၈၀.၁'x၂၃.၆'x ၁၁.၆'	ကမ်းမင်း	၄၅၀	မြိတ်
၁၂။		၇၅'x၂၂'x၈'	ကမ်းမင်း	၅၀၀	မြိတ်

၂။ ၎င်းလှေများကို အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချပါမည်-

(က) လေလံတင်မည့်ရက်/အချိန် **၂၄-၉-၂၀၀၄(၀၉:၃၀)နာရီ။**

(ခ) လေလံတင်မည့်နေရာ **၁၈၉/၁၉၁၊ မဟာဗန္ဓုလလမ်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်။**

(ဂ) လေလံစည်းကမ်း၊ လေလံဆွဲဝယ်သူသည်-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။ နိုင်ငံသားစိစစ်ရေးကတ်၏မူရင်းနှင့် မိတ္တူ(၁)စောင် ယူလာရမည်။

(၂) လှေ(၁)စီးချင်း စပေါ်ငွေ(၅၀)သိန်း တင်ရမည်။

(၃) လေလံအောင်သူသည် လေလံဆွဲသည့်နေ့တွင် ငွေတစ်ဝက်ကို ပေးချေ၍ ကျန်ငွေကို (၇)ရက်အတွင်း အပြီးပေးချေရမည်။

(၄) လေလံဆွဲယူခွင့်လက်မှတ်အား ၂၀-၉-၂၀၀၄ရက်နေ့မှ ၂၃-၉-၂၀၀၄ရက်နေ့အထိ ရုံးချိန်အတွင်း ငွေပင်လယ်ရုံးချုပ်၌ ဝယ်ယူနိုင်သည်။

လေလံရောင်းချရေးအဖွဲ့
ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်
ဖုန်း-၂၉၁၆၄၇၊ ၇၀၇၅၁၉။



ခရိုင်အဆင့်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်

ပျော်ဘွယ် စက်တင်ဘာ ၁၅

ရမည်းသင်းခရိုင်အဆင့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၂၆ရက် နံနက်စနာရီက ပျော်ဘွယ်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပျော်ဘွယ်တပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်၊ ရမည်းသင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် အဖွဲ့ဝင်များ၊ ပျော်ဘွယ်မြို့နယ် ဥက္ကဋ္ဌဦးခင်ကြည်နှင့် အဖွဲ့ဝင်များ၊ ပျော်ဘွယ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ကျင်မြနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး(ယာယီ) ဦးသိန်းဝင်းနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်ပုဂ္ဂိုလ်များနှင့် ဝါသနာရှင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပြိုင်ပွဲကို ပျော်ဘွယ် တပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရမည်းသင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် မြို့နယ်ဥက္ကဋ္ဌဦးခင်ကြည်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ ခရိုင်အဆင့် ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။ (ဇဓ)

စိုက်ပြီးသစ်ပင်ပြည့်ဝရှင်သန်ရေး အစားထိုးစိုက်ပျိုးပွဲ ဖျာပုံ၌ ကျင်းပ

ဖျာပုံ စက်တင်ဘာ ၁၅

ဖျာပုံမြို့ သစ်တောဦးစီးဌာနက မိုးရာသီတွင်စိုက်ပျိုးပြီးသော သစ်ပင်များ အပြည့်အဝ ရှင်သန်ရေးအတွက် သစ်ပင်များ အစားထိုးစိုက်ပျိုးပွဲကို စက်တင်ဘာ ၁၂ရက် နံနက်စနာရီတွင် ချောင်းတွင်းကျေးရွာမှ ကျူတာရှမ်းကွင်းကျေးရွာထိ ဖျာပုံ-ရန်ကုန်ကားလမ်းဘေး ဝဲ၊ ယာတို့၌ သစ်ပင်များကိုအစားထိုးစိုက်ပျိုးကြသည်။ (ဝဲပုံ)

အစားထိုးစိုက်ပျိုး

စိုက်ပျိုးပွဲတွင် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျူတာရှမ်းကွင်း သလိပ်ကြီးကျေးရွာ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၂၀၀၀ကျော်နှင့်အတူ သစ်ဆိမ့်ပင် ၁၀၀၀ကို စုပေါင်း၍အစားထိုးစိုက်ပျိုးကြသည်။ (မြို့နယ်ပြန်/ဆက်)

ကျေးရွာပြည်သူများကျန်းမာရေးဟောပြော တိုင်းရင်းဆေးဖြင့်အခမဲ့ဆေးကုသပေး

ပြင်ဦးလွင် စက်တင်ဘာ ၅

ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းရင်းဆေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဩဂုတ် ၂၅ရက်က ပြင်ဦးလွင်မြို့နယ်-မြစ်ရိုးလေးရွာရှိ ကျေးရွာပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေးသည်။

ရှေးဦးစွာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်စန်းတင့် ဦးဆောင်သောအဖွဲ့က မြစ်ရိုးလေးရွာရှိ ကျေးရွာပြည်သူအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုအသိပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးခြင်း၊ အသိပညာပေး စာစောင်များ ဖြန့်ဝေပေးခြင်း လုပ်ငန်းများဆောင်ရွက်ပေးသည်။

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုဥက္ကဋ္ဌတိုင်းရင်းဆေးဦးစီးဌာန ဦးစီးမှူးဦးစောယုသန်းနှင့်အဖွဲ့က ဝါးနက်-မန်ကျည်းအင်း-ငှက်ကြီးသိုက်နှင့်ငွေးပင်ကျေးရွာများမှ ရောဂါဝေဒနာရှင် ၁၅၃ဦးတို့အား တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေးခဲ့သည်။ (၄၂၁)

စုပေါင်းစိုက်ပျိုး

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် ဝန်ထမ်းများ စက်တင်ဘာ ၄ ရက်က လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေးတွင် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

အရာတော်မြို့နယ်ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

အရာတော် ဩဂုတ် ၂၇

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဩဂုတ် ၂၇ ရက်က ကျွန်းတောရွာ၌ ငြိမ်းချမ်းအောင်ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ရှားကုန်းကျေးရွာ၌ "သုတဂဝေသန"ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို လည်းကောင်း ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ "ငြိမ်းချမ်းအောင်" စာကြည့်တိုက်ကို မြို့နယ်အတွင်းရေးမှူး ဦးစိုးစိုးအောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မြင့်နှင့်ကျေးရွာဥက္ကဋ္ဌ ဦးသိန်းလှတို့က လည်းကောင်း၊ "သုတဂဝေသန" စာကြည့်တိုက်ကို မြို့နယ် အတွင်းရေးမှူး ဦးစိုးစိုးအောင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မြင့်နှင့် နယ်မြေ တာဝန်ခံ လယ်ယာဖွံ့ဖြိုးရေး ဘဏ်မန်နေဂျာ ဦးတင်အောင်တို့ကဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ထို့နောက် စာအုပ်အလှူရှင် ငါးဦးစီတို့က သုတ/ရသစာအုပ်မျိုးစုံ ၁၅၀ အုပ်တို့ကို လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌများကလက်ခံခဲ့ကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (မြို့နယ်ပြန်/ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပဒံကျေးရွာတွင် ဩဂုတ် ၂၇ ရက်က နေလဝင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်အတွင်းရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအေးကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

ညောင်တုန်း စက်တင်ဘာ ၁၀

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့သည် စက်တင်ဘာ ၅ ရက်က ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့်အတူ ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားသော မြို့ပြနှင့် ကျေးလက်ဒေသ သန့်ရှင်းသာယာလှပရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ (၁၆၁)

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးထွေး ဒေါ်ခင်ထွေး	၁၂/ဗဟန(နိုင်)၀၄၁၁၆၃	၁၀၈ မင်းလမ်း ဗဟန်း	ဗဟန်း	၃၅-CG	၁၁၉၈	ဦးထွေး ဒေါ်ခင်ထွေး	ဂရန်သစ်
၂။	ဒေါ်မာလာ ဒေါ်ကေသီ	၁၂/လသန(နိုင်)၀၁၃၂၆၉	၁၁၁၊ ၁၃-လမ်း လမ်းမတော်	လမ်းမတော်	၂၀-EZ?	V ၇	AW CHO KEE &U WIN MAUNG	အမည်ပြောင်း
၃။	ဒေါ်သန်းသန်းဝင်း+၁	၁၂/တမန(နိုင်)၀၄၃၇၃၂	၈၇၄/ခ၊ သိရိဧပယျာ(၁၉)လမ်း (၇)ရပ်ကွက်	တောင်ဥက္ကလာပ	၇	၈၇၄(ခ)	ဒေါ်တင်	အမည်ပြောင်း
၄။	ဒေါ်ခင်ခင်ဆင့်	၁၂/သဃက(နိုင်)၀၂၅၅၁၀	၄၂၀(က)၊ မျှော်ရုံလမ်း ၁၆/၃ ရပ်ကွက်	သင်္ဃန်းကျွန်း	၁၆/၃	၄၂၀(က)	ဒေါ်ခင်မြင့်	အမည်ပြောင်း
၅။	ဦးလှထွေး+၁	၁၀/ရမန(နိုင်)၀၀၅၄၁၄	၂၂၈(ခ)၊ သုမင်္ဂလာလမ်း ည-ရပ်ကွက် မ/ဥ	မြောက်ဥက္ကလာပ	ည	၂၂၈(ခ)	ဒေါ်သန်းမွှေ	အမည်ပြောင်း
၆။	ဒေါ်တင်တင်လှ	CG ၀၈၄၁၁၂	၁၁၇၂/၇၃၊ သမာဓိလမ်း မြေရှည်ညွှန့်ရပ်ကွက်	ရွှေပြည်သာ	၆	၄၁၁	ကျော်မိုးလွင်	အမည်ပြောင်း
၇။	ဒေါ်ရွက်ကာရာဘီဘီ+၁	၁၂/ပဘတ(နိုင်)၀၂၄၆၁၇	၁၂၉၊ လမ်း(၄၀)၊ ကျောက်တံတား	ကျောက်တံတား	14-F-1	V ၇၀	Hoossainee Bi Bi	မြေပုံကူး
၈။	ဒေါ်ကြည်+ဒေါ်စောရီ	၁၂/ကမတ(နိုင်)၀၄၀၂၆၉	၂၄၃/၂၅၉၊ ရွှေဘုံသာလမ်း ပန်းဘဲတန်း	ပန်းဘဲတန်း	၁၆-C²	2nd S ¼ of II 22	ဒေါ်ကြည်+ဒေါ်ခင်သိန်း	မြေပုံကူး
၉။	ဒေါ်ခင်မွှေဝင်း	၁၂/မဂတ(နိုင်)၀၄၃၃၃၄	၁၇၃၊ ဒေါ်သိန်းတင်လမ်း မင်္ဂလာတောင်ညွန့်	ဒဂုံဆိပ်ကမ်း	ဂ၆	၇၃၀	ဦးသာထွန်း	ဂရန်သစ်
၁၀။	ဦးသန်းထွန်းအေး	၁၂/ဗဟန(နိုင်)၀၈၄၈၇၄	၉၀-B၊ ရွှေတောင်ကြား(၁)လမ်း ဗဟန်း	ဗဟန်း	၃၆-J	၁၁၂/၄-၁၁B	ဒေါ်ခင်တင်ဝင်း(ခ)ဒေါ်ရီရီအေး	ဂရန်ခွဲ
၁၁။	ဦးခင်မောင်သန်း	MEA ၁၇၁၈၀၁	၁၁၁၈၊ ၁၃-ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၁၃	၁၁၁၄	ဦးကြည်ဝင်း	အမည်ပြောင်း
၁၂။	ဒေါ်ခင်ဌေးမြင့်	၆/မအန(နိုင်)၀၀၃၁၁၄	၂၁၇၊ ၃၀-သုဝဏ္ဏ(ဘုရားအနီး) သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၃၀-သုဝဏ္ဏ	၂၁၇	ဗိုလ်မှူးချုပ်အောင်သိန်းလင်း	အမည်ပြောင်း
၁၃။	ဒေါ်ခင်ဌေးမြင့်	၆/မအန(နိုင်)၀၀၃၁၁၄	၂၅၇၊ ၃၀-သုဝဏ္ဏ(ဘုရားအနီး) သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၃၀-သုဝဏ္ဏ	၂၅၇	ဗိုလ်မှူးချုပ်စော်ထွန်း	အမည်ပြောင်း
၁၄။	ဒေါ်သန်းသန်းအေး	၁၀/မဒန(နိုင်)၀၂၅၆၃	၁၂/က၊ (၂)လမ်း (၁၄/၁)ရပ်ကွက် တ/ဥ	တောင်ဥက္ကလာပ	၁၄/၁	၁၂/က	ဒေါ်လှမြင့်+၁	အမည်ပြောင်း
၁၅။	ဒေါ်ခင်သန်းရင်	၁၂/ဗကန(နိုင်)၀၂၂၉၈၀	၉၃/က၊ အင်းသာမြိုင်လမ်း ဗဟန်း	ဗဟန်း	၃၆-H	၅၅-J/၁	ဦးတင်အေး	အမည်ပြောင်း
၁၆။	ဒေါ်သီသီဝင်း	၁၂/ပဇတ(နိုင်)၀၂၅၂၂၉	၁၀၈/၃၄ ရပ်ကွက် ဒဂုံမြောက်	ဒဂုံမြောက်	၃၄	၁၀၈	ဦးအေးကျော်	အမည်ပြောင်း
၁၇။	ဦးတင်မောင်ထွေး	၁၂/ဗကန(နိုင်)၀၀၄၃၀၄	၂၈၀၊ ဗိုလ်မင်းခေါင်လမ်း မင်္ဂလာဒုံ	မင်္ဂလာဒုံ	၃၀၈-A	၂၈၀	မောင်သန်းဝင်းမောင်	အမည်ပြောင်း
၁၈။	မခင်သန္တာထွေး	၁၂/မကန(နိုင်)၁၁၅၈၀၈	၁၇(က/ခ)၊ သီရိမင်္ဂလာလမ်း စ-ရပ်ကွက်	ကမာရွတ်	၈၁+၈၂	၇၈၁/၆၈၁+၇၈၂/၁	ဒေါ်စန်းစန်းသိန်း	အမည်ပြောင်း
၁၉။	ဒေါ်မြမြ(ခ)ဒေါ်ကြွယ်ကြွယ်	၁၂/ကမတ(နိုင်)၀၅၅၉၉၅	၁၀၂၆/၁၀၂၇၊ သင်းဆင်(၅)လမ်း (၃၄)ရပ်ကွက်	ဒဂုံမြောက်	၃၄	၁၀၂၆/၁၀၂၇	ဦးဝင်းနိုင်	အမည်ပြောင်း
၂၀။	ဦးလွန်းမောင်	၄/ပလဝ(နိုင်)၀၂၄၄၃၄	၂၀၊ ကြခင်းလမ်း စမ်းချောင်း	စမ်းချောင်း	၂၀-D	၁၁	ဦးခင်မြင့်+၁	မြေပုံကူး

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကင်းအိမ်ရာစခန်း၊ အမှတ်(၆)ရပ်ကွက်၊ တိုက်အမှတ်(၂၂၂)၊ အခန်းအမှတ်(၉)သည် ဦးကျော်သိန်းအား ချထားပေးခဲ့သောအိမ်ခန်းဖြစ်ပါသည်။ ဦးကျော်သိန်းသည် ၁၈-၁၁-၂၀၀၀ ရက်နေ့က ကွယ်လွန်ခဲ့ပြီးဖြစ်ရာ ဖော်ပြပါအိမ်ခန်းအား ဦးကျော်သိန်းအမည်မှ သမီးတစ်ဦးဖြစ်သူ ဒေါ်ရင်ရင်သိန်းအမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်နေ့မှ (၁၅)ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)သို့ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ
(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ခွေစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၉–က)၊
ရေတွင်းကုန်း(၂)လမ်းနေ
ဦးစိန်မြ–ဒေါ်စိန်စိန်တို့၏သားငယ်
မောင်ကျော်ဦး(ခ)မောင်ကျော်လေး
UNITEAM MARINE LTD.
နှင့်
ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြို့နယ်(တောင်ပိုင်း)၊ (၁၉)ရပ်ကွက်၊
အမှတ်(၂၉၄–က)၊ နံ့သာမြိုင်လမ်းနေ
ဦးအောင်သိန်း–ဒေါ်အမာတို့၏ တစ်ဦးတည်းသောသမီးထွေး
မညိုညိုစမ်း (B.Com)
Myanmar Korea Timber Int' l Ltd.

တို့သည် ၁၂–၉–၂၀၀၄(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘ၊ ဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ကျော်ဦး–မညိုညိုစမ်း။

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့် –၂၁– နည်းဥပဒေ –၆၆
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၄ခုနှစ်တရားမဇာရီမှုအမှတ်–၁၈/၀၄

မြန်မာ့စီးပွားရေးဘဏ်	**၁။ဦးအောင်သန်းစိန်**
ဘဏ်ခွဲ(၂)၊ ၎င်း၏မန်နေဂျာ	**၂။ဒေါ်သိန်းမြင့်**
အမှတ်(၂၇)၊ ဘဏ်လမ်း၊	**အမှတ်(၆၃၄)၊ (၃)ရပ်ကွက်၊**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	**ချယ်ရီလမ်းနှင့်ဗိုလ်ချိန်လမ်းထောင့်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
(တရားနိုင်)	**(တရားရှုံးများ)**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၃၈/၀၃အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၀၄ခုနှစ်၊ အောက်တိုဘာလ ၈ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

ခင်မောင် (တ/၁၅၃၀)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ မြေကွက်အမှတ်(၃)၊ ဗိုလ်ချိန်(၁)လမ်းနှင့် ချယ်ရီလမ်းထောင့်ရှိ အိမ်အမှတ်(၆၃၄)၊ မြေအကျယ်အဝန်း(၄၂ပေ X ပေ၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော (၂၅' X ၅၀')သွပ်မိုး၊ မျက်နှာကျက်ကျောက်ပြားကပ်၊ (ပ)ထပ် ကြမ်း၊ သစ်သား၊ လှျာထိုးကြမ်းခင်း၊ အောက်ထပ်တမံတလင်းခင်း (၂)ထပ် အပါအဝင်အကျိုးခံစားခွင့်များ။

ကြမ်းခင်းဈေး–ကျပ်သိန်း(၉၀)

လက်ထပ်ပြီးစီးခြင်း

ကျွန်တော်**ခွန်ဖိုးစံ**[၁၃/တကန(နိုင်)၀၅၆၆၂၄]နှင့် ကျွန်မ **မနန်းလှလှဝင်း** [၁၃/တကန(နိုင်)၁၄၀၄၆၆]တို့သည် နှစ်ဖက်မိဘသဘောတူညီချက်အရ ၃၀–၈–၂၀၀၄ရက်တွင် ရှမ်းပြည်နယ်တရားရုံးတောင်ကြီးမြို့၌ လက်ထပ်ပြီးစီးပါကြောင်း။

ခွန်ဖိုးစံ–နန်းလှလှဝင်း။

မွေးနေ့ဆုတောင်း

၁၇–၉–၂၀၀၄ရက်နေ့မှာကျရောက်သော သားသား **ဖွဲ့လှိုင်ဦး** ရဲ့ (၂)နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်(၁၂၀)တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြီးပြည့်စုံ၍ ဉာဏ်ပညာထက်မြက်သော သားလှရတနာဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–––။

ချစ်ဖေဖေ–အောင်ကိုကို
ချစ်မေမေ–အေးစန္ဒာဦး။

ဂျပန်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ

ဂျပန်နိုင်ငံ The Japan Foundation, Association of International Education မှ ကမကထပြုကြီးမှူး၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်းစီစဉ်ကျင်းပမည်။

စာမေးပွဲကျင်းပမည့်ရက်–၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ – ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်/
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
လျှောက်လွှာတင်ရက်–၂၀၀၄ခုနှစ်၊ ဇူလိုင်လ ၂၈ရက်မှ
၂၀၀၄ခုနှစ်၊ စက်တင်ဘာလ ၂၄ရက်နေ့အတွင်း
လျှောက်လွှာရရှိနိုင်သည့်နေရာ–ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်/
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
စစ်ဆေးမည့်အစီအစဉ်–Level 1, Level 2, Level 3, Level 4အဆင့်(၄)ဆင့်ခွဲ၍
(1)writing-vocabulary, (2)Listening and
(3)reading-grammar စစ်ဆေးမည်။

အသေးစိတ်ကို အောက်ပါနေရာများတွင် စုံစမ်းနိုင်ပါသည်။
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်–၅၁၄၃၇၁၊ (လိုင်းခွဲ–၁၂၃)
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်–၀၂–၃၂၃၃၀။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ် – ၁၇/မမ/ပြည်တွင်း/RGC(CME)
တင်ဒါအမှတ် – ၃၆/မမ/ပြည်တွင်း/LRBE-7(CME)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Spare Parts for 14 Tons Nissan Truck	1-Lot
2.	MS Round Bar,Plate,Angle, Channel	1-Lot
3.	Cutting & Grinding Disc	1-Lot
4.	Steel Electrode	1-Lot
5.	Roller Bearing & Spherical Bearing	1-Lot
6.	Foam Rubber	1-Lot
7.	Thinner	1-Lot
8.	Leaf Spring	1-Lot
9.	Spare Parts for Diesel Rail Car	1-Lot

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်– ၁–၁၀–၂၀၀၄ (သောကြာနေ့) (၁၂:၀၀)နာရီ

၂။တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၇–၉–၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၁၃။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
မော်တော်ယာဉ်အလုပ်ရုံအမှတ်(၃)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

– အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ်(၁၄၆)ကို(၄–၁၀–၂၀၀၄)နေ့တွင် ဖွင့်မည်။
– (၁၆–၉–၂၀၀၄)နေ့တွင် သင်တန်းကြေးများ စတင်လက်ခံပါမည်။
– ၁၉၉၃ခုနှစ်မှစ၍ ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် သင်ကြားပို့ချပေးသည်။
– သင်မောင်းလိုင်စင်“ခ”လိုင်စင်ရရှိရေး ဆောင်ရွက်ပေးသည်။
– သင်တန်းတက်ရောက်ရန် အခက်အခဲရှိသူများအတွက် သီးခြားစီစဉ်ပေးသည်။
– စနေ–တနင်္ဂနွေအထူးသင်တန်းကို ၆–၁၁–၂၀၀၄နေ့တွင်ဖွင့်မည်။
– အမှတ်–၂၄၀(၅)စက်ဆန်း၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

စုံစမ်းရန်– ဖုန်း–၀၁/၂၉၀၃၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄–၂၀၀၅ပညာသင်နှစ်
လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်း

သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြို ဆရာအတတ် သင်တန်းအမှတ်စဉ်(၉) သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများ ပြည့်စုံရပါမည်။
(က) ၂၀၀၃ခုနှစ်(သို့မဟုတ်) ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင်ဖြေဆို အောင်မြင်ပြီး ရမှတ်စုစုပေါင်း (၂၈၀) ထက်မနည်းသူဖြစ်ရမည်။
(ခ) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံစာမူရင်းနှင့် စာမေးပွဲအမှတ်စာရင်း၊ ဓာတ်ပုံမိတ္တူတို့ကို ပူးတွဲတင်ပြရပါမည်။
(ဂ) ၂၀၀၄ခုနှစ် ဒီဇင်ဘာလ(၂၂)ရက်နေ့တွင် အသက်(၂၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဃ) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(င) မြန်မာနိုင်ငံအတွင်းဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) မြန်မာနိုင်ငံအတွင်းရှိ ပညာရေးကောလိပ်များတွင် တက်ရောက်နိုင်ရမည်။
(ဆ) သင်တန်းပထမနှစ် အောင်မြင်ပြီးသူအား ဆရာအတတ်သင် ပညာရေးလက်မှတ် (Certificate in Education)ချီးမြှင့်ပြီး မူလတန်းပြဆရာ၊ ဆရာမအဖြစ် ခန့်ထားပေးမည်။ဒုတိယနှစ်အောင်မြင်သူအား ဆရာအတတ်ပညာဒီပလိုမာလက်မှတ် (Diploma in Teacher Education) ချီးမြှင့်ပြီး အလယ်တန်းပြ(မူလတန်းတာဝန်) သို့မဟုတ် မူလတန်းပြ ဆရာ/ဆရာမ အဖြစ်ခန့်ထားပေးမည်။ ထူးချွန်သူများအား ပညာရေးဘွဲ့(ဘီ၊အီး၊ဒီ) သင်တန်းသို့ ဆက်လက်တက်ရောက် ခွင့်ပြုမည်။
(ဇ) ပညာရေးကောလိပ် သင်တန်း တက်ရောက်နေစဉ်အတွင်း သင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်မပြုပါ။
(ဈ) ပထမနှစ် သင်တန်းကာလမှာ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ(၂၂)ရက်မှ ၂၀၀၅ခုနှစ် ဒီဇင်ဘာလ(၁၅)ရက်နေ့အထိ ဖြစ်ပါသည်။
၃။ လူတွေ့နှုတ်ဖြေ ဖြေဆိုမည့်ရက်ကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် ထပ်မံကြော်ငြာပါမည်။
၄။ လျှောက်ထားသူ၏ မိဘနှစ်ပါး(သို့မဟုတ်) မိဘတစ်ဦးဦးသည် နိုင်ငံတော်အစိုးရဌာန တစ်ခုခုတွင် ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာကို သင်တန်းဝင်ခွင့် လျှောက်လွှာပုံစံနှင့်အတူ ပူးတွဲတင်ပြရပါမည်။
၅။ လျှောက်ထားသူသည် ပူးတွဲပါသင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင် ရေးသားဖြည့်သွင်းထားသော လျှောက်လွှာပုံစံတွင် ခြောက်လအတွင်းရိုက်ကူးထားသည့် ပတ်စပို့အရွယ် ဓာတ်ပုံ(မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်နှင့်ဓာတ်ပုံတစ်ပုံ၊ မျက်မှန်မပါဘဲတစ်ပုံ) ကိုကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာပြည်နယ်/တိုင်း ပညာရေးမှူးရုံး (သို့မဟုတ်) တွဲဖက်ပြည်နယ်/တိုင်းခွဲပညာရေးမှူးရုံးသို့ ၂၀၀၄ခုနှစ် အောက်တိုဘာလ (၄)ရက်နေ့ထက် နောက်မကျစေဘဲ ပေးပို့ရမည်။

(ဘိုဝင်း)
ညွှန်ကြားရေးမှူးချုပ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (US Dollars)၊ ယူရို (Euro)ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)15/MR(ML) 2004-2005	Rolled Steel Locomotives Steel Tyre (Rough Turn)for Diesel Electric Locomotives	529.Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၆–၁၀–၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ

၂။တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆–၉–၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၅၊ ၆၁၂။

INVITATION TO TENDER
MYANMA RAILWAYS

Seal Tender is invited by the Myanma Railways, Ministry of Rail Transportation,the Government of the Union of Myanmar, from reputed manufacturers or their bonifide agents from all eligible source countries for the supply and delivery of the followings:-

Sr. No.	Tender No.& Description	Issuing Date	Closing Date & Time
1.	ICB No.9/MR/OPEC(E) 2004-2005(III) Purchase of Ballast Regulator 1 set (Ballast Distributing and profiling machine)	16.9.2004	16.11.2004 12:00 noon

Tender Documents are available at the Office of the Managing Director, Myanma Railways, Room No.511, 4th Floor, No.357/361 Merchant Street, Botataung Township, Yangon, during office hours on payment of US $ (or)FEC 200 per set.

Bids are to reach the office of the Managing Director, Myanma Railways, No. 357/361 Merchant Street, Botataung Township, Yangon, Myanmar, on or before the Closing Date and Time shown against each Tender. The Bids will be opened publicly at 14:00 hour on the Closing Date at the Myanma Railways Head Office.

All Bids not accompanied by earnest money (Bid Bond)will not be considered. No Telegraphic /Telex/ Fax/e-mail proposal will be considered of accepted.

Myanma Railways reserves the right to reject any or all Tenders without furnishing reasons. Tender will be accepted only from Bidders who has purchased Tender Documents officially. (Those purchased through Embassies must declare for whom they are purchased).

The above Goods and Services are to be purchased from the proceeds of OPEC Fund in various currencies towards the cost of Yangon-Nyaunglaybin Railway Line Rehabilitation Project.

For Further details Please call: 298589, 291982, 201555
Ext-510, 540, 228

Managing Director
Myanma Railways.

ရယ်မောရင်း ပညာ ယူလိုသူများအတွက်

မောင်ကောင်းထိုက် (နိုဗယ်)
သူတို့လည်း ရယ်စရာ ပြောတတ်သည်

မြဝတီ ☎ ၂၀၀၆၃၁

ထွက်ပြီ

ဒေါင်းဆောင်ပွဲ ... ပုံ ... သင်တန်း ဖွင့်မည်
(Mon & Tue 7:30-9:00 a.m.) 28-Sep-2004
(Mon & Tue 6:00-7:30 p.m.) 05-Oct-2004
MENTOR LMC

Golden Flower Construction မှ
အောက်ပါဝန်ထမ်းများအလိုရှိသည်
လစာကောင်းကောင်းပေးမည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Marketing မ (၂) ဦး (ဘွဲ့ရရှိသူဖြစ်ရမည်)
၂။ ရေ၊ မီး တာဝန်ခံ ကျား (၂) ဦး
၃။ လုံခြုံရေး ကျား (၅) ဦး
၄။ သန့်ရှင်းရေး ကျား (၂) ဦး

စိတ်ပါဝင်စားသူများသည် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း မိမိတို့၏ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့နှင့်အတူ Golden Flower Plaza အမှတ်(၂၁၄)၊ ဝါးတန်းလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၄၅။

အများသိစေရန်ကြေညာချက်

မေမွန်းခိုင်
အဆီချလုပ်ငန်း
(၇)ရက်အတွင်း ဝမ်းဗိုက် အဆီချပေးသည်။
THALIA Fitness Centre

၁၀ရက်အတွင်း ဗိုက်(၄)လက်မအထက်
အဆီကျလိုပါသလား ?
Queen's Rose
BODY FITNESS CENTRE
☎ 542613, 09-08-25264

မြန်မာ ... တိုင်းရင်းဆေးကုခန်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးအမိန့်-၅၊ နည်းဥပဒေ-၂၀
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၉၂

ဒေါ်မြင့်မြင့်ဌေး နှင့် (၁)ကိုကျော်သူရ
(၎င်း၏အထူးကိုယ်စားလှယ်စာရသူ (၂)ကိုအောင်ဗိုလ်ဗိုလ်
မောင်မြတ်မင်းထက်)
တရားလို တရားပြိုင်များ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်ရတနာအိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၁၄) နေ ကိုအောင်ဗိုလ်ဗိုလ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်မြင့်မြင့်ဌေးက လိမ်လည်ပြီးရောင်းချသည့် ကားနစ်နာကြေး ကားတန်ဖိုးငွေ ပြန်လည်ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် (၁၃၆၆ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၉)ရက်နေ့ ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သောင်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၁၂)
ရန်ကုန်တိုင်းတရားရုံး။

Ph. 378011, 538604, 246270

Yan Aung
256790, 380291

အမည်ပြောင်းခြင်း

ကျောက်တန်းမြို့၊ အထက(၂)၊ နဝမတန်း(D)မှ ဦးဌေးဌေး [၁၂/ကတန(နိုင်)၀၇၇၉၀၁]၏သမီးဖြစ်သူ မဘောဘီအား ယနေ့မှစ၍ မစန်းစန်းဌေးဟု ပြောင်းလဲခေါ်ပါရန်။

မစန်းစန်းဌေး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ (Kyats)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	14(T)7/MR(S&T) 2004-2005	Glass Fibre Insulation Rail Joint 75 Lb	142-Sets

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၇-၉-၂၀၀၆ (တနင်္လာနေ့) (၁၂:၀၀)နာရီ

၂။တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၇-၈-၂၀၀၆ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၁၃၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၅၊ ၆၁၂။



High Quality Low Price

Beauty Max

EXAMPLEZ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အိမ်အမှတ် (၄၉၆ B/၄၉၈ A)၊ ကမ်းနားလမ်း၊ မြေတိုင်းရပ်ကွက် (၂၅အီး)၊ မြေကွက်အမှတ်(၁၂၅)၊ ဧရိယာ(၀ဒသမ၀၄၃)ကေအား ဒေါ်တင်မြင့်(ခ)ဒေါ်ရှုပ်ကြူ၊ ဒေါ်စိန်သောင်းအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြေညာသည့်နေ့မှစ၍ တစ်ပတ်အတွင်း ဤဌာနသို့ လာရောက်၍ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် မောင်စိုးမင်းဦး (စိတ်ဝေဒနာရှင်)သည် ၁၁–၉–၂၀၀၆နေ့ နံနက် ၉နာရီခန့်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဦးတင်ကို–ဒေါ်နီ
"အောင်"အုတ်သဲကျောက်(ခဝဲခြံ)
ဖုန်း–၆၆၇၅၆၂၊ ၆၆၇၆၄၆။

ဖခင်အမည်မှန်

ဒဂုံတက္ကသိုလ် ပထမနှစ် မြန်မာစာမှ မသန္တာမြင့်မောင်၊ ဒဂုံတက္ကသိုလ်၊ ဒုတိယနှစ် ဥပဒေမှ မဇာခြည်မြင့်မောင်၊ အထက(၃)ဒဂုံမြောက်ပိုင်း၊ ဒသမတန်း(ဃ)မှ မောင်ပြည့်ဖြိုးမောင်၊ အထက(၃)ဒဂုံမြောက်ပိုင်း၊ ဆဋ္ဌမတန်း(ဃ)မှ မဝါဝါမြင့်မောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်မောင်(ခ) ဦးတုတ်ဖြူ[၁၂/ဒဂမ(နိုင်)၀၁၉၈၁၅] ဖြစ်ပါကြောင်း။

လိပ်ခေါင်း၊ဂရင်ဂျိနာ စအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း –၂၄၈၀၆၄

သမားတော်ကြီး ဝိဇ္ဇာ၊ လိပ်ခေါင်း၊ဂရင်ဂျိနာ အထူးကု

စအိုနှင့်စအိုပတ်ဝန်းကျင်တွင် ဖြစ်သောအောက်ပါရောဂါများ အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က **(စအိုပိတ်၍ စအိုကင်ဆာဖြစ်မည်။ စအိုပိတ်ကအသက်အန္တရာယ်ရှိသည်။)** လိပ်ခေါင်းအတွင်းအပြင်ထွက် စအိုနာ၊ ဝမ်းသွားခက်၊ စအိုဝတစ်ဆို့၊ ပူစပ်၊ စအိုကျုံပြီး အပြင်စူထွက်၊ ဝမ်းသွားမရ၊ စအိုဝအသားပိုထွက်၊ စအိုဝ အဖုအသီး၊ ဂရင်ဂျိနာ၊ သွေးပြည်ထွက်၊ စအိုကျဉ်း၊ စအိုပိတ်**(မခွဲမဖြတ်၊မနာ၊ မပူမစပ်)**ကုသပေးမည်။ အဖုအကျိတ်တွေ့က အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က အသက်အန္တရာယ်ရှိသည်။ ဝါရင့်ဆရာမ ရှိသည်။ အကျိတ်မျိုးစုံ **(မခွဲမဖြတ်ကုသပေးမည်။)**

ပင်မဝိဇ္ဇာ—အမှတ် ၂၇၃၊ရွှေဘုံသာ အလယ်လမ်း၊နေဇာ ဆေးခန်းအပေါ်ထပ်၊ရန်ကုန် (တနေ့ကုန်ဖွင့်သည်။)
ပင်မဝိဇ္ဇာ—အမှတ်၃၃၈၊ရွှေဘုံသာ အထက်လမ်း၊အေးရိပ်သာ နှင့်ကပ်လျက်၊မာလင်မျက်မှန်ဆိုင် ရန်ကုန်

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁။	မြင့်မြင့်အေး(ခ)မေကာန်	၁၃/ကလတတ(နိုင်)၀၁၇၃၆၆	၁၆၄၊ နွယ်သာကီလမ်းသွယ်(၃)လမ်း ရွှေပြည်သာ	ရွှေပြည်သာ	၂၉	၁၆၄	ဒေါ်ခင်အုန်းမြင့်	အမည်ပြောင်း
၂။	ဦးတင်ဝေ	၅/မရန(နိုင်)၁၃၇၆၄၁	J-၅၅ ရွှေလင်ပန်း(၂)လမ်း F.M.I City၊ [illegible]	ရွှေပြည်သာ	၃၆	၆၈၂+၆၈၃	ဦးအောင်ကြည်+ဦးတင်အောင်	ဂရန်သစ်
၃။	မအေးအေးသက်	၁၂/မဂဒ(နိုင်)၁၁၂၃၂၃	၁၅၅ ရွှယ်တော်လမ်း မင်္ဂလာဒုံ	မင်္ဂလာဒုံ	၂/၂	၁၅၅	ဒေါ်မမကြီး	ဂရန်သစ်
၄။	ဦးမောင်အေး	၇/သနပ(နိုင်)၀၁၄၀၃၈	၁၉၅ ကျောက်စိမ်းလမ်း မင်္ဂလာဒုံ	မင်္ဂလာဒုံ	၂/၁	၁၉၅	ဦးကြီးညို	ဂရန်သစ်
၅။	ဦးခင်မောင်သန်း+၁	၁၂/ကမရ(နိုင်)၀၄၅၉၁၀	၁၉/က၊ (၃)လမ်း (၄)ရပ်ကွက်၊ ကမာရွတ်	လှိုင်	၁၂-A	၁၀၇-က	ဒေါ်မြနုဦး	အမည်ပြောင်း
၆။	ဦးခင်မောင်ထွေး+၃	၁၂/ကမရ(နိုင်)၀၁၉၁၄၂	၁၃၊ ဗေယျာသိဒ္ဓိလမ်း ၁-ရပ်ကွက်	ကမာရွတ်	၇၉	၇-E/၄	မောင်ထွန်းစိန်+၁	အမည်ပြောင်း
၇။	ဒေါ်ခင်ခင်ဌေး+၁	၁၂/လမတ(နိုင်)၀၂၃၁၀၉	၁၅၊ ဂန္ဓမာလမ်းနှင့် ၇-လမ်းထောင့်	မင်္ဂလာတောင်ညွန့်	၄E/၂	၁/၁၇	ဦးချိုသန်း	အမည်ပြောင်း
၈။	ဦးတေဇ	၁၂/မရက(နိုင်)၀၂၈၀၉၀	၄၆၊ မေလိခလမ်း ၁၀ရပ်ကွက်၊ မရမ်းကုန်း	မရမ်းကုန်း	၅၀-က(ဘဲ)	၅၄	[illegible](၁)ဒေါ်မြမြင့်+၅	အမည်ပြောင်း
၉။	ဒေါ်အယ်ဆယ်	၉/အမရ(နိုင်)၀၀၀၀၁၇	အဆောင်မြင့်အိမ်ရာစီမံကိန်းအဆောင်(၆)	ကမာရွတ်	၈၂	C-၂၆	National Land (YGN) Co.,Ltd.	အမည်ပြောင်း
၁၀။	ဒေါ်နိုင်ဇာလွင်	၁၂/ကမရ(နိုင်)၀၄၉၉၂၉	၁၀၂-B၊ အင်းယားလမ်း	ကမာရွတ်	၃၆-B	၁၄C/၂	ဒေါ်သန်းနု(ခ)[illegible]	အမည်ပြောင်း
၁၁။	ဦးကြည်စိုး+၁	၁၂/ဗဟန(နိုင်)၀၁၃၀၅၂	၉၄၃၊ ရာဇသင်္ကြန်(၇)လမ်း	ဒလ	၂	၉၄၃	ဒေါ်ဟန်ကြည်	ဂရန်သစ်
၁၂။	ဦးလွင်ဌေး	၁၄/ဟသတ(နိုင်)၁၉၇၄၃၃	၁၂၈၅/ခ ရာဇသင်္ကြန်(၇)လမ်း	ဒလ	၂	၁၂၈၅	ဦးကျော်အောင်[illegible]	ဂရန်သစ်
၁၃။	ဒေါ်သန်းသန်းနု	၁၂/လမန(နိုင်)၀၁၂၃၅၆	၃၇၆၊ သော်ကလမ်း (၂)ရပ်ကွက်၊ မရမ်းကုန်း	မရမ်းကုန်း	၂	၃၇၆	ဦးစံသိန်းအောင်	အမည်ပြောင်း
၁၄။	ဦးခင်မောင်ဝင်း	၁၄/ဘကလ(နိုင်)၁၉၉၃၃၉	၅၇၂ ရွှေဝါလမ်း	တာမွေ	၃၄ FG	၅၇၂	ဒေါ်[illegible]	အမည်ပြောင်း
၁၅။	ဒေါ်တင်နု	YDN ၁၁၀၉၉၇	၂၀(ခ)၊ ပိတောက်လမ်း	လှိုင်သာယာ	သကာတ-၂	၂၀(ခ)	ဒေါ်တင်လှ	ဂရန်သစ်
၁၆။	ဦးဇော်မျိုးဝင်း	၇/ပတတ(နိုင်)၀၅၆၉၇၉	၅၀၊ နေသစ်ပွင့်လမ်း အင်းစိန်	ရွှေပြည်သာ	၃၀	၁၁၆	ဦးလှမောင်	ဂရန်သစ်
၁၇။	ဒေါ်စိန်စိန်	၁၂/မရက(နိုင်)၀၂၁၁၃၁	၇၇/က၊ ဘုရင့်နောင်လမ်းမကြီး မြို့သစ်(ဂ)	အင်းစိန်	မြို့သစ်(ဂ)	၇၉/က	ဦးဝင်းအောင်	အမည်ပြောင်း
၁၈။	ဦးတင်မောင်မြင့်	၁၂/ဗဂန(နိုင်)၀၂၂၇၅၇	၄၇၊ အင်းလျားရိပ်သာ၊ ၁၀-ရပ်ကွက်၊ မရမ်းကုန်း	အင်းစိန်	၄၀၀-Bစဉ်၄	၈/၁၅၆/ခ	[illegible]	အငှားဂရန်
၁၉။	ဗိုလ်မှူးတင်ဦး(ငြိမ်း)	BA ၀၂၇၇၄၃	တိုက်(၃၃)၊ အခန်း(၄) ဦးဝိစာရအိမ်ယာ [illegible]	အင်းစိန်	၄၀၀-B	၈/၁၅၆/က	[illegible]	အငှားဂရန်
၂၀။	ဦးအေးသွယ်[illegible]	BTG ၁၇၉၃၇၅	၆၁၃၊ ဗိုလ်အောင်ကျော်လမ်း လှိုင်သာယာ	လှိုင်သာယာ	သကာမ-၆	၆၁၃	ဦးတင်ဝင်း	ဂရန်သစ်

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

လားရှိုး၊ အမှတ်(၁)ရဲစခန်းဝင်းနေ ကျွန်တော်မှတ်ပုံတင်အမှတ် KLW–၀၁၀၁၆၇ကိုင်ဆောင်သူ ဦးမြင့်ဆွေ၏ဇနီးဖြစ်သူ ဒေါ်စန်းစန်းတင့် (TGKN–၀၂၁၀၅၁] သည် ၃–၁၂–၂၀၀၃ရက်နေ့တွင် ရွှေ၊ ငွေများယူဆောင်၍ ၎င်း၏ဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်မယူပါကြောင်း။ **ဦးမြင့်ဆွေ (KLW–၀၁၀၁၆၇)။**

ကျုံ့မငေးအသင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ညော(ခ)ဒေါ်ရှုညွှန့်(၇၈)နှစ်
ဆေးရုံလမ်း၊ ကျုံ့မငေး

ကျုံ့မငေးမြို့၊ အမှတ်(၁၄)၊ ဆေးရုံလမ်းနေ (ဦးကျော်တင့်–ဒေါ်အေး)တို့၏သမီး (ဦးချွန်စိန်)၏ဇနီးသည် ၁၅–၉–၂၀၀၆ရက်တွင် အထက်ပါနေအိမ် ၌ ကွယ်လွန်သွားပါ၍ ၁၇–၉–၂၀၀၆ (သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ကျုံ့မငေး တရုတ်သုသာန်သို့ ပို့ဆောင် မြေမြှုပ် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/သားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်သန်းသန်း
အသက်(၅၉)နှစ်
(မကွေး)

မကွေးမြို့၊ကံသာရပ်၊မေတ္တာလမ်း၊ အမှတ်(အေ–၇)နေ တိုင်းတရားသူကြီး ဦးကျော်ရင်(ငြိမ်း)၏ဇနီး၊ကိုထွန်းထွန်းဦး၊ကိုဇော်ဇော်ဦး (အထက်တန်း ရှေ့နေ)၊ မလဲ့လဲ့ဝင်း(ပထမပုဂ္ဂလိကဘဏ်၊မကွေး)၊ ကိုသန့်ဇင်ဦး(ဦးစီး အရာရှိ၊ သမဝါယမ ဝန်ကြီးဌာန)၊ ကိုသန်းအောင်ကျော်(မြို့နယ်တရားရုံး၊ မကွေး)တို့၏ မိခင်၊ သန့်မျိုးအောင်၊ဝေလင်းထက်၊ မယမင်းရွှေစင်တို့၏အဘွားသည် ၁၅–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၆–၉–၂၀၀၄ရက်တွင် မကွေးမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးတင်အောင်
အသက် (၈၀)

(ဦးဘိုးရင်–ဒေါ်မမကြီး)တို့၏သားထွေး၊ (ဦးတင်နွယ်–ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ ဦးချစ်လွင်–ဒေါ်ခင်ခင်၊ ဦးတင်မောင်–ဒေါ်ရှုကြည်တို့၏ ညီ/မောင်၊ ဦးဝင်းဇော်–ဒေါ်မြတ်သွယ်၊ ဦးမျိုးကျော်အောင် (2/O Ocean, Tanker)–ဒေါ်ဝင်းဝါ၊ ဦးအောင်ကျော်ဦး–ဒေါ်ခင်စောလဲ့၊ ဆရာသွယ်–ဒေါ်သင်းသင်းလဲ့၊ (ဦးနေစိုးအောင်)–ဒေါ်သက်သက်အောင်၊ ဦးအောင်ကျော်ဇော–ဒေါ်ရီရီဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်တို့၏ အဘိုး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မာဃ(A)လမ်း၊ အမှတ် (၇၄)နေ ဒေါ်ခင်သိန်းနွယ်(ခ)ဒေါ်ကြူကြူ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆–၉–၂၀၀၄(ကြာသပတေးနေ့)နံနက်၉း၄၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၉–၂၀၀၄(တနင်္လာနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ကြည်ကြည်ဝင်း(ခ)
June Gafoor
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဦးဂဖူးလမ်း၊ ခြံအမှတ်(၅)နေ (ဦးဂဖူး–ဒေါ် သိန်းဟန်)တို့၏သမီး၊ (ဦးတင်ရွှေ)–ဒေါ်ခင်ဦးမြင့်(ဒေါ်ခင်ခင်ဝင်း)တို့၏ညီမ၊ (ဒေါ်ကြူကြူဝင်း)၊ (ဦးမင်းအောင်)–ဒေါ်ခင်ရီတို့၏ မိခင်၊ ဦးမောင်မောင်၊ ဒေါ်တင်ဦးခိုင်–ဦးမောင်မောင်၊ ဦးရဲမင်း၊ ဒေါ်လှမိုးသူ – ဦးမောင်မောင်ထွေး၊ ဒေါ်ခင်ဆွေနှင်း – ဦးဇော်လင်းထွန်း၊ ဦးဟန်ထွန်းအောင်၊ ဒေါ်သင်းသင်းထွေး–ဦးကက်နက်တို့၏ အဒေါ် ၊မြေးကိုးယောက်တို့၏ အဘွားသည် ၁၅–၉–၂၀၀၄ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့မဂရမ်စ်ဘ်နမားစ်အပြီးတွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ တံတား၊ ရိပ်သာသနာပြု ဒါယိကာမကြီး
ဒေါ်ထွေးစိန်
အသက်(၈၇)နှစ်
(ကံဘဲ့ရွာ၊ ကဝမြို့)

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ကံဘဲ့ရွာနေ (ဦးကျင်လှိုင်)၊ (ဦးရွှေလွန်း)တို့၏ ဇနီး၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးတီ–ဒေါ်တင်ဝင်း(ပါရမီ သင်္ကန်းတိုက်)၊ ဦးသက်ခိုင်ဦး–ဒေါ်သန်းသန်းနွဲ့၊ ဦးကျော်မြင့်–ဒေါ်အမာကြည်၊ ကံဘဲ့ရွာနေ ဦးသိန်းမြင့်–ဒေါ်ခင်မြင့်တို့၏ မိခင်သည် ၇–၉–၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၉–၉–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်ခင်(အမေကြည်)
အသက်(၈၄)နှစ်
ပေါင်းလောင်းအသင်းဝင်
(သူရဲသမိန်)

ရန်ကုန်မြို့၊ အမှတ်(၅၀)၊ မာလာမြိုင်လမ်း၊ ပြည်သာယာရိပ်သာ၊ ရန်ကင်းမြို့နယ်နေ (ဦးရင်ကြီး–ဒေါ်လှဖွား)တို့၏ သမီး၊ ဗိုလ်မှူးချစ်ခင်(အငြိမ်းစား)(မော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်)၏ ချစ်လှစွာသောဇနီး၊ (ဦးထွန်းတင်–ဒေါ်နှင်း)၊ (ဆရာဦးရှိန်)–ဒေါ်စောမေ၊ (ဦးညွန့်မောင်)–ဒေါ်နှင်းကျွေတို့၏ ညီမ၊ (ဦးမောင်မောင်လေး)–ဒေါ်ကျင်လှ၊ (ဦးမြင့်စိုး)၊ (ဦးဘစိုး)–ဒေါ်တင်ကြည်၊ ဦးမောင်ငွေ–(ဒေါ်ခင်ရီ)တို့၏ အစ်မ၊ဦးချစ်ကိုကို၊ ဒေါ်ခင်မာဝေကြည်၊ ဦးခင်ကိုကို၊ ဒေါ်ခင်ဥမ္မာကြည်၊(ဦးခင်သက်ကို)တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၆–၉–၂၀၀၄ (ကြာသပတေးနေ့)တွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၈–၉–၂၀၀၄(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်းရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။ (နေအိမ်မှကားများညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

Francis Kong
(ခ)ဦးကိုကလေး
အသက်(၈၄)နှစ်

ဒေါ်မိနစ်အာမင်း – စောတောင်ထေးတို့၏သား၊ ဒေါ်ကျင်ရွှေ (Betty) M.E.O.S.A၏ ခင်ပွန်း၊ ဦးဟိန်းရွှမ်း–ဒေါ်ကျင်နတို့၏ ညီ၊ ဒေါက်တာမြင့်မြင့်ရီ (Irene) – ဒေါက်တာဝင်းလှိုင် (Maurice)၊ ဒေါက်တာလှဒင်(Andrew)၊ မချို၊ မောင်စန်းမောင် (Ronnie)တို့၏ ဖခင်၊ မြေးရှစ်ယောက် တို့၏ အဘိုးသည် ၁၂–၉–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၈–၉–၂၀၀၄ (စနေနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊တန်ဆောင်း ရဟန်းဒါယကာကြီး
ဦးခိုင်(၇၉)နှစ်
(သုံးခွ)

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊တောင်ပိုင်းရပ်ကွက်၊ အမှတ်(၁၈)၊ မန္တလေးလမ်းနှင့် အမှတ်(၂၁၇)၊ အလင်းရောင်လမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်နေ (ဦးဘိုးကျော်–ဒေါ်ငွေစိန်)တို့၏သား၊ (ဦးမြဇင်–ဒေါ်လှရင်)တို့၏သားသမက်၊(ဒေါ်နွဲ့)၏ ခင်ပွန်း၊ ဒေါ်ခင်ဆွေဝင်း ၊ဦးမောင်မောင်စိုး၊ ဒေါ်ယဉ်ယဉ်ဝင်း၊ဒေါ်သန်းသန်းဝင်း–ဦးထွန်းမြင့်၊ ဒေါ်မြင့်မြင့်ဆွေ (အမက–၁၊ မင်္ဂလာတောင်ညွန့်)–(ဦးတိတ်စိန်)၊ဒေါ်လှလှဝေတို့၏ဖခင်၊ မြေးရှစ်ယောက်၊မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၆–၉–၂၀၀၄(ကြာသပတေးနေ့) နံနက် ၉း၁၀နာရီတွင် မန္တလေးလမ်းနေအိမ်၌ ကွယ်လွန်ပါ၍ ၁၈–၉–၂၀၀၄(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မန္တလေးလမ်းနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်ရီ
အသက်(၆၈)နှစ်
တပ်မတော်စည်သွတ်စက်ရုံ၊ မန္တလေး(ငြိမ်း)
(မိတ္ထီလာ၊မန္တလေး)

မိတ္ထီလာမြို့နေ (ဦးကိုယ်–ဒေါ်မြညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်အိမ်ရာ၊ (၁၁)လမ်း၊ တိုက်(၁၃၅)၊ အခန်း(၁၂)နေ ဦးထွန်းလှအောင် (တပ်မတော်စည်သွတ်စက်ရုံ၊မန္တလေး၊ငြိမ်း)၏ဇနီး၊ တောင်သာမြို့နယ်၊ဇရပ်ကြီးကျေးရွာနေ (ဦးစိန်ကျော်)– ဒေါ်တင်ကြည်၊ ကပ္ပတိန်မင်းလွင်–စစ္စတာဒေါ်ခင်ခင်စိန် (အာရှတော်ဝင်ဆေးခန်း)၊ ဦးမောင်မောင်လေး (ဒု–စက်ရုံမှူးဖန်ချက်စက်ရုံ၊ ကွဲ/မြေ၊ စက်မှု–၁)–ဒေါ်လှလှမြတ် (လ/ထ မန်နေဂျာ ကွဲ/မြေ ငွေစာရင်းဌာန၊ စက်မှု–၁)၊ ဦးအောင်ဝင်း(လ/ထ ညွှန်မှူး ဆ/မ)–ဒေါ်ခင်ထွေးထွေး (တွံ့ဖက်မြို့နယ် တရားသူကြီး၊ပျဉ်းမနားမြို့နယ် တရားရုံး)၊ ဗိုလ်မှူးကြီးရဲမြင့်–ဒေါ်ခင်ခင်တော် (တွံ့ဖက်မြို့နယ် တရားသူကြီး၊ တောင်ကြီးမြို့နယ်တရားရုံး)၊ ဒေါ်ခင်မြင့်မြင့်သန်းတို့၏အစ်မကြီးသည် ၁၆–၉–၂၀၀၄ရက် မွန်းလွဲ ၂း၁၀နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀–၉–၂၀၀၄ရက် ညနေ ၅နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

(ဘုရင့်နောင်အိမ်ရာနေအိမ်မှကားများ ညနေ ၄နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထွန်းလင်း(ခ)ဦးငယ်လေး
အသက် (၆၁)နှစ်
(ကျိုက်လတ်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း (၂၈၁)နေ (ဦးစု)–ဒေါ်ကြည်တို့၏ သား၊ ဦးညွန့်စိန်–ဒေါ်အုန်းကြည်တို့၏ သားသမက်၊ ဒေါ်မိုမို၏ခင်ပွန်း၊ဒေါ်အေးကျင်၊ ဦးသန်းရွှေ–ဒေါ်ဂိုဒီကာ၊ (ဦးထွန်းဦး)–ဒေါ်မာမာဝင်းတို့၏ ညီ/မောင်၊ ဦးထွန်းဝင်း – ဒေါ်ခင်စန်းရီ၊ ဦးထွန်းမင်း–ဒေါ်ခင်စန်းယု၊ ဦးမောင်မောင်မြင့်–ဒေါ်ညိုညိုမြင့်၊ ဦးမင်းနိုင်–ဒေါ်ခင်ခင်လေး၊ ဒေါ်ကြူကြူခင်၊ ဦးနိုင်အောင်လင်း–ဒေါ်ခင်လေးချိုတို့၏ အစ်ကို၊ မသီသီသွယ်၊ ကိုစိုးမင်းထွန်း–မစန္ဒာထွန်း၊ မောင်ထူးလှိုင်လင်း၊ မောင်အာကာမိုးထွန်းတို့၏ ဖခင်သည် ၁၆–၉–၂၀၀၄(ကြာသပတေးနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၉–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမျိုးထွန်း (စစ်တွေ)
အသက် (၄၀)
A.G.T.I (CIVIL)1984
အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ)
သံလွင်တံတားစီမံကိန်း
(မော်လမြိုင်ဘက်ကမ်း)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၃)၊ မအူပင်လမ်းနေ (ဦးသိန်းထွန်း)၊ လ/ထအင်ဂျင်နီယာ(လျှပ်စစ်)–ဒေါ်ခင်သန်းတို့၏ သားလတ်၊ (ဦးကျော်ဇော)–ဒေါ်လှလှတို့၏ သားသမက်၊ ရန်ကုန်မြို့ အမှတ်(၃)၊ မြေညီထပ်(ခေါင်းရင်း)မင်းညွန့်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်လှခင်၏ ချစ်လှစွာသောခင်ပွန်း၊ မနှင်းဥရွှေရည်(တိုးတိုး) (IDEC,16)၊ မောင်ကောင်းမြတ်ကျော် (VII-H,TTC)တို့၏ ဖခင်၊ ဦးမျိုးဝင်း–ဒေါ်ခင်ချိုဆက်၏ ညီ၊ ဦးမောင်မောင်လွင်–ဒေါ်ဇင်မျိုးသန့်၊ မောင်မျိုးသန့်တို့၏ အစ်ကို၊ မထက်ထက်မျိုးဆက်၊ မမေမျိုးဆက်ထွေး၊ မောင်မြတ်မင်းသူ၊ မသန္တာမျိုးလွင်တို့၏ ဦးလေး ဦးမျိုးထွန်းသည် ၁၆–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀–၉–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစိုးသန်း
(HUBERT)
အသက်(၃၅)နှစ်

ရန်ကုန်မြို့ အမှတ်(၄၉)၊ (ဝဲ)လွှာ၊ ရေကျော်လမ်းမကြီးနေ ဦးသိန်းထွန်း (စား/ ဖျော်၊ ငြိမ်း၊ခနဖြု)–ဒေါ်ခင်သိန်းတို့၏ သားငယ်၊ ဦးတင့်ဆွေ–ဒေါ်ယဉ်ယဉ်မြတို့၏သားသမက်၊ ဒေါ်ငြိမ်းယဉ်မွန်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သူရအောင်၊ မဖူးဝင့်ဝင့်ဝါ(Grade VI-A၊အထက–၄၊ပုဇွန်တောင်) တို့၏ဖခင်၊ (ဦးအောင်မြင့်) – ဒေါ်အေးအေးသန်း၊ ဦးမင်းသန်း(Samta Shipmanagement)တို့၏ ညီ/မောင်၊ ဦးဘိုဘိုသိန်း (Trans Ocean Shipmanagement)–မချိုချိုသန်းတို့၏အစ်ကို၊ မအေးအေးအောင်မြင့်(Grade VIIIA ၊အထက–၄၊ ဗိုလ်တထောင်)၊ မအေးအေးအောင်တို့၏ ဦးလေး ဦးစိုးသန်း(Hubert)သည်၁၆–၉–၂၀၀၄ (ကြာသပတေးနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇–၉–၂၀၀၄(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ရွှေ
အသက်(၇၆)နှစ်
ပဲခူး၊ (ဇုတ်သုတ်)

မွန်ပြည်နယ်၊ ဇုတ်သုတ်ကျေးရွာနေ (ဦးဘလွင်–ဒေါ်ငွေစိန်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ ခိုင်ရွှေဝါလမ်းနေ ဦးရွှေတင်–ဒေါ်ခင်ထား၊ ဒေါ်ခင်စီတို့၏အစ်မ၊ ပဲခူးမြို့၊ အမှတ်(၅)မင်းလမ်းနေ ဦးမျိုးနိုင်–ဒေါ်ခင်ပပဝေ၊ပဲခူးမြို့၊ဥဿာမြို့သစ်၊ နန်းတော်ရာရပ်နေ ဦးရဲနိုင် (စက်မှုတိုင်း–၄၊ဆည်မြောင်းဦးစီးဌာန၊ မိတ္ထီလာမြို့)–ဒေါ်တင်တင်သော် (အမကဈေး၊ ညောင်ပင်ကြီး)၊ ပဲခူးမြို့၊ ဇိုင်း/တောင်ကမ်းနားလမ်း၊ အမှတ်(၃၉၅)နေ ဦးကျော်နိုင်–ဒေါ်ခင်မေလွင်(အထက–၂၊ ဖြူးမြို့)တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား၊ (ဦးအေးမောင်)၏ဇနီးသည် ၁၅–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇–၉–၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကမ်းနားလမ်းနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

တပ်ကြပ်ကြီးကျော်နိုင်
အသက်(၄၁)နှစ်
တပ်မတော်(ရေ)

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၅)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် E-2နေ (ဦးတင်ရှိန်)–ဒေါ်ရီရီတို့၏ သားကြီး၊ ကိုဦးသာ(MPPE)–မကျော့ကျော့ခိုင်၊ ကိုမြင့်အောင် (O_2 ရောင်းဝယ်ရေး)–မမိုးမိုးခိုင်၊ ကိုကျော်ခိုင်လွင်၊ ကိုအောင်သူ(Third.E,Ray Company)–မသီရိခိုင် (လယ်/ဆည်)၊ မထွေးထွေးခိုင် (စတုတ္ထနှစ်၊ ဥပဒေ၊ U.D.E)တို့၏ ချစ်လှစွာအစ်ကိုကြီး၊ တူ၊တူမလေးယောက်တို့၏ဘကြီးသည် ၁၆–၉–၂၀၀၄ရက်နံနက် ၉း၃၀နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈–၉–၂၀၀၄(စနေနေ့)မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

(D8၊ ရေနံမိသားစုလိုင်း၊ ခနိတော၊ ဗိုလ်တထောင်မှကားများနံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမျိုးထွန်း
အသက် (၄၀)
A.G.T.I(CIVIL) 1984
အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ
သံလွင်တံတားစီမံကိန်း
မော်လမြိုင်ဘက်ကမ်း
(စစ်တွေ)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၃)၊ မအူပင်လမ်းနေ (ဦးသိန်းထွန်း၊ လ/ထအင်ဂျင်နီယာ၊လျှပ်စစ်)–ဒေါ်ခင်သန်းတို့၏ သားလတ်၊ (ဦးကျော်ဇော)–ဒေါ်လှလှတို့၏ သားသမက်၊ ဒေါ်အုန်းမေ၏ တူသား၊ ရန်ကုန်မြို့၊ အမှတ်(၃)၊ မြေညီထပ်(ခေါင်းရင်း)၊ မင်းညွန့်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်လှခင်၏ ချစ်လှစွာသောခင်ပွန်း၊ မနှင်းဥရွှေရည်(တိုးတိုး) (IDEC,16)၊ မောင်ကောင်းမြတ်ကျော်(VII-H,TTC) တို့၏ ဖခင်၊ စစ်တွေမြို့နေ ဦးစောဖေ–ဒေါ်မြခင်၊ ဦးအောင်ကျော်သောင်း–ဒေါ်မြစိုးစိုးတို့၏ အစ်ကို၊ မခင်ဖူးဖူးခိုင်၊ မောင်ဖြိုးပိုင်စိုးတို့၏ ဦးလေး ဦးမျိုးထွန်းသည် ၁၆–၉–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀–၉–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်ယုံ
အသက်(၇၈)နှစ်
(ပေါင်းတည်)

ပေါင်းတည်မြို့၊ဈေး(၂)ရပ်ကွက်၊(၁၁)လမ်းနေ (ဦးကျော်ဂေါင်း–ဒေါ်ပန်းနု)တို့၏သမီး၊ (ဦးမြဝင်း)၏ဇနီး၊ တကကဇော်မြင့်–မသင်းသင်းနိုင်၊ကိုအေးချို–မမြင့်မြင့်စမ်း၊ကိုဇော်ဝင်းသူ–မရီရီလွင်၊ ဗိုလ်မှူးတင်မောင်လွင်–မနန်းမြတ်မွန်၊ ကိုသောင်းငွေ–မအေးအေးမော်တို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၄–၉–၂၀၀၄ (အင်္ဂါနေ့)နံနက်တွင် ပေါင်းတည်မြို့နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၅–၉–၂၀၀၄ရက်တွင် ပေါင်းတည်မြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးသာဟဲခိုင်
အသက်(၇၀)
လက်ထောက်စက်ရုံမှူး(ငြိမ်း)
အုတ်ကျင်းဂုန်နီစက်ရုံ

ရန်ကုန်မြို့၊အင်းစိန်မြို့နယ် အမှတ်(၁၉၅၄) နိဗ္ဗာန်လမ်းမကြီး၊ ဦးဖိုးရှိန်းရပ်ကွက်၊ တောင်သူလမ်းနေ (ဦးစောထွန်းမြိုင်–နော်အယ်လစီ)တို့၏ စတုတ္ထမြောက်သား၊ (ဆရာအိုက်–နော်ဂျမ်း)တို့၏သားသမက်၊ နော်အားကြည်၏ ခင်ပွန်း၊ နော်အဲလစ်မြိုင်–စောကွယ်ထူးတို့၏ မွေးသဖခင်၊ စောစိုင်းမွန်ထူး၏ အဘိုးသည် ၁၆–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈–၉–၂၀၀၄ (စနေနေ့) နံနက် ၁၀နာရီတွင် KBC ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

L. Copl Joseph
Do Za Gin
အသက် (၄၆)နှစ်

တီးတိန်မြို့နယ်၊ ထန်းဇန်ရွာနေ (Pu Phung Zam-Pi Nian Za Cing)တို့၏ သားကြီး၊ (Pu Do Khaw Tuan)-Pi Khup Khaw Dimတို့၏ သားသမက်၊ Pa Sing Khan Do-(Nu Khup Dim)၏မောင်၊ Pa Suan Khen Pau-Nu Dim Khan Zen တို့၏ အစ်ကို၊ Lia Cing Ngaih Vung၊ Lia Dim Don Lun (Daewoo) Lia Dim Ngaih Zen၊ (Lia Tuan Lam Cing) Tg. Zam Lian Mang၊ Tg Pau Tuan Thang၊ Tg. Mang Lian Mungတို့၏ ဖခင်၊ Nu Hau Sian Vung၏ ခင်ပွန်း L. Copl Joseph Do Za Gin (Yccf)သည် ၁၆–၉–၂၀၀၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၈–၉–၂၀၀၄ ရက်တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး အအေးတိုက်မှ ညနေ ၃း၃၀ နာရီတွင် ရေဝေးခရစ်ယာန်ခန်းမဆောင်၌ ဝတ်ပြုကိုးကွယ်ပြီးဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(မြေနီကုန်း၊ ဖာတီမာဘုရားကျောင်းရှေ့နှင့် ဇမာန္တေလဘုရားကျောင်းရှေ့တို့မှ မွန်းလွဲ၂း၃၀နာရီတွင် ကားများထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမျိုးသန့် (၅၂)နှစ်
(ထီးတန်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အခန်း (၂၃)၊ တိုက်(၂)၊ ပန်းလှိုင်အိမ်ရာနေ (ဦးသောင်းဖေ–ဒေါ်အမာ)တို့၏သား၊ ဒေါ်ခင်ခင်၊ ဒေါ်တင်အေး၊ ဒေါ်တင်မြင့်တို့၏တူ၊ဦးအုန်း(ခ) ဦးဖိုးနီ–ဒေါ်ရီရီမြင့်၊ မစန်းကြည်တို့၏ညီ/မောင်၊ ဦးမျိုးဆွေ–ဒေါ်စိန်စိန်လှ၊ မောင်သန့်ဇင်တို့၏အစ်ကို၊မရီရီနိုင်၏ဦးလေးသည် ၁၅–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၇–၉–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်သာ
အသက်(၇၀)
မွေး/ကု ဦးစီးမှူး (ငြိမ်း)
(မြောက်ဦး/ထားဝယ်)

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ လက်ကောက်ဈေးရပ်နေ ဦးသိန်းဒိုးအောင်–ဒေါ်နန္ဒာဦးတို့၏သား၊ ဒေါ်ဒါလှ၏ မောင်၊ ဒေါ်မကျော့စိန်၏ အစ်ကို၊ ဒေါ်ခင်နှင်း (အမျိုးသမီးကျန်းမာရေးဆရာမ၊ငြိမ်း)၏ခင်ပွန်း၊ ဦးတင့်လွင်(A.E.မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)–ဒေါ်ခင်သန်းမြင့်၊ ဦးဇော်မိုးဦး၊ ဦးကျော်ကျော်စိုး– ဒေါ်အုန်းကြူ၊ ဦးမွန်ကျော်–ဒေါ်ခင်စန်းရီ၊ ဦးမြဇော်–ဒေါ်သီသီကျော် (မူပြ၊ အလက–၅၊ မရမ်းကုန်း)တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုး ဦးကျော်သာသည် တိုက်(၃၅)၊ အခန်း H-3၊ မဟာမြိုင်အိမ်ရာ၊ တိုးချဲ့(၄၁)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်၌ ၁၅–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇–၉–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်ရီ
အသက်(၆၈)နှစ်
တပ်မတော်စည်သွတ်စက်ရုံ၊ မန္တလေး(ငြိမ်း)
(မိတ္ထီလာ၊မန္တလေး)

မိတ္ထီလာမြို့နေ (ဦးကိုယ်–ဒေါ်မြညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်အိမ်ရာ၊ (၁၁)လမ်း၊ တိုက်(၁၃၅)၊အခန်း(၁၂)နေ ဦးထွန်းလှအောင်(တပ်မတော်စည်သွတ်စက်ရုံ၊မန္တလေး၊ငြိမ်း)၏ဇနီး၊ ဦးလှမြင့်အောင်–ဒေါ်ထွေးထွေးအောင် (မြန်မာ့အာမခံ)၊ ဦးခင်အောင်မြင့် (C/Eမြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း) – ဒေါ်နန်းလှယဉ်၊ ဦးကျော်ကျော်အောင် (Temasek Polytechnic S'pore)–ဒေါ်ခင်မိုးမိုး၊ ဦးချမ်းငြိမ်းလွင် (သစ္စာမြိုင်ပွဲရုံ၊ ဘုရင့်နောင်) – ဒေါ်အေးအေးအောင်တို့၏ ချစ်လှစွာသောကျေးဇူးရှင် မွေးသမိခင်၊ မြေးခြောက်တို့၏ အဘွားသည် ၁၆–၉–၂၀၀၄ရက် မွန်းလွဲ ၂း၁၀နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၀–၉–၂၀၀၄ရက် ညနေ ၅နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားပါသည်။(ဘုရင့်နောင်အိမ်ရာ နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုမျိုးဝင်း
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၉၆–A)၊ မြေညီထပ်၊ ကျောက်မြောင်းနေ(ဦးသိန်းဆောင်)–ဒေါ်နှင်းရီတို့၏သားကြီး၊ ဦးကျော်အေး–ဒေါ်တင်လှတို့၏ သားသမက်၊ မကြည်ခိုင်၏ခင်ပွန်း၊ မဇင်မာလွင်၊ မောင်အောင်ဇော်ဖြိုး၊ မဝေဝေအောင်တို့၏ အစ်ကိုသည် ၁၅–၉–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၇–၉–၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြင်မောင်(ခ)ဦးတိကျင်
အသက်(၇၅)နှစ်
(မအူကုန်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၇)လမ်း၊ အမှတ်(၁၅)၊ ၄–လွှာ(ယာဘက်ခန်း)နေ (ဦးစိန်ဖိုး–ဒေါ်အေးသာ)တို့၏ သား၊ (ဦးခင်တီ–ဒေါ်စိန်ပု)တို့၏ သားသမက်၊ ဒေါ်အင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မမ၊ ဦးမောင်မောင်စိုး–ဒေါ်မြမြထွေး (မြန်မာ့မီးရထား)၊ ဦးညီညီစိုး–ဒေါ်မိုးမြတ်စံ (KMD Computer Centre)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မဝေခိုင်ဦး (ဒုတိယနှစ် သတ္တဗေဒ၊ ဒဂုံတက္ကသိုလ်)၊ မသဲအိစိုး(အထက–၁၊ တာမွေ)၊ မအိမြတ်စိုးခန့်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၅–၉–၂၀၀၄ရက်တွင် အောင်ဇေအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၇–၉–၂၀၀၄(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်ဘို
အသက်(၅၆)နှစ်
လုပ်သားမှူး
(မြန်မာ့သတင်းစဉ်–ပြည်တွင်း)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၁၃၃)ရပ်ကွက်၊ အမှတ်(၈၇၆)၊ တကောင်းလမ်းနေ(ဦးညို)–ဒေါ်ကျော့ရင်တို့၏ သားကြီး၊ (ဦးမျိုးချစ်)–ဒေါ်မြင့်အေး၊ ဦးကျော်မြင့်(ဒဂုံရှေ့သစ်တောဖက်စပ်)၊ ဒေါ်ခင်အုံးမြင့်၊ ဦးမြင့်ဆွေ(စည်ပင်) – ဒေါ်မြင့်ငွေး (စည်ပင်)၊ ဦးသိန်းအောင် (ရေအရင်းအမြစ်)–ဒေါ်တင်တင်ထွေး၊ ဦးစိုးနိုင်–ဒေါ်ခင်ခင်ထွေး၊ဦးခင်စိုး (ဒဂုံရှေ့သစ်တောဖက်စပ်)– ဒေါ်ယဉ်ယဉ်မော်တို့၏ အစ်ကိုကြီး၊ တူ၊ တူမ ၂၄ယောက်၊ မြေး ၁၀ယောက်တို့၏ ဘကြီး ဦးမောင်ဘိုသည် ၁၅–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ထားဝယ် ချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၂၁–၉–၂၀၀၄(အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားနာပြုလုပ်မည် ဖြစ်ပါ၍အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု။

မြို့မကျောင်းသား
ကျောင်းသူဟောင်းအသင်း
ဒေါ်မြင့်မြင့်အေး
အသက်(၄၆)နှစ်
အသင်းဝင်အမှတ်(၁၅၃၀)

ဒုတပ်ကြပ်သုခ၏ဇနီးဒေါ်မြင့်မြင့်အေးသည် ၁၃–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅–၉–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသား၊ အသင်းသူများအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်နွဲ့ (၆၂)နှစ်
(မင်္ဂလာဒုံ)

ပျဉ်းမနားမြို့နေ (ဦးလှရွှေ–ဒေါ်တင်တင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းနေ (ဦးဘသန်းဟက်၊ ဒုတိယပါမောက္ခချုပ်၊ငြိမ်း) – ဒေါ်သန်းသန်းတို့၏တူမ၊ ထောက်ကြန့်နေ ဦးကြိုင်ဝင်း–ဒေါ်လှမြင့်၊ (ဦးခင်မောင်စိုး)–ဒေါ်မူမူ၊ ဦးရဲမြင့်–ဒေါ်ချစ်ချစ်၊ ဦးဆန်နီ–ဒေါ်ချိုချို၊ ပျဉ်းမနားမြို့နေ ရဲအုပ်ဦးမျိုးအောင်–ဒေါ်သန်းသန်းချို၊ ဦးအေးကို–ဒေါ်ပုလဲ၊ ဦးဇော်ဇော်–ဒေါ်လှိုင်လှိုင်မြင့်၊ ဦးရွှေပင်–ဒေါ်သက်သက်ဝါတို့၏ အစ်မကြီး၊ ဦးမြင့်လွင်၏ ဇနီး၊ (ဦးစစ်အောင်ကျော်) – ဒေါ်ယဉ်ယဉ်မော်၊ ဦးလေးဝင်–ဒေါ်စိုးစိုးမြင့်၊ ဦးအေးဝင်း–ဒေါ်တင်တင်ရီ၊ ဦးစိန်တင်–ဒေါ်ခင်ခင်မော်၊ ဦးငွေးဝင်း–ဒေါ်မာမာဦး၊ ဦးဇော်လွင်ဦး–ဒေါ်တင်တင်မော်တို့၏ မိခင်၊ မြေး ၁၃ယောက်တို့၏ အဘွားသည် အမှတ်(၅၄/က)၊ သပြေလမ်း၊ (၂/ခ)ရပ်ကွက်၊ မင်္ဂလာဒုံနေအိမ်၌ ၁၅–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇–၉–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(အမှတ် ၁၆၊ သီရိလမ်း၊ စမ်းကြီးရပ်ကွက်နှင့် အမှတ် (၅၄/က)၊သပြေလမ်း၊(၂/ခ)ရပ်ကွက်တို့မှ ကားများထွက်ပါမည်)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်းစန်းဝင်း(ခ)
မီးမီး(၄၅)နှစ်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ အမှတ် (F-16)၊Condo. F.M.I City လှိုင်သာယာမြို့နယ်နေ ဦးတင်ဟုတ်–(ဒေါ်မြင့်မြင့်ဝင်း)တို့၏ သမီးကြီး၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အမှတ် (48-F)၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်းနေ ဦးသန်းလွင် (လူမင်းကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောဇနီး၊ ကောင်းစန္ဒီ(ခ) ကောင်းပိုးပိုး (P.I.E.C)၏ ချစ်လှစွာသောမိခင်၊ မအေးအေးရီ၊ ကိုလွင်ဦး–မနီလာ၊ ကိုဆန်နီဝင်း–မစုစုလွင်၊ ကိုသန့်ဇင်ဦး–ဒေါ်ငြိမ်းငြိမ်းထွေး၊ ကိုနေဝင်းနိုင် (ဗလ)–မနုနုလွင်တို့၏ ချစ်လှစွာသော အစ်မကြီး၊ မအိမ့်မျက်ချယ်ဦး၊ မတုံတုံ၊ ဖူးဖူးလေး၊ ဆုမိုလေးတို့၏ချစ်လှစွာသော ဒေါ်ဒေါ်ကြီး သည် ၁၆–၉–၂၀၀၄(ကြာသပတေးနေ့)နံနက် ၃း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၁၈–၉–၂၀၀၄ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ် ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ–ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မိမိတို့နိုင်ငံ၌ဈေးနှုန်းသက်သာသည့် သဘာဝဓာတ်ငွေ့မှာ ကုန်းတွင်းပိုင်း၌ပင် ပိုမိုထွက်ရှိလာခရီးသည်တင်ကား၊ ကုန်တင်ကားများကို ပြောင်းလဲသုံးစွဲခြင်းဖြင့် စရိတ်စက သက်သာမည် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ခေတ်မီတိုးတက်ရေးအတွက် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကူညီ စက်မှုထွက်ကုန်အမယ်သစ်များ ထုတ်လုပ်ရေး၊သွင်းကုန်အစားထိုးရေး ပြုစုပျိုးထောင်အားပေး

ရန်ကုန် 　 စက်တင်ဘာ 　 ၁၆

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၄)ကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

အကြိမ် (၂၀) မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် 　 စက်တင်ဘာ 　 ၁၆

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ ၃နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသော ၂၀၀၄ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❍

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် စက်မှုဇုန်များမှ ထုတ်လုပ်ထားသော သဘာဝဓာတ်ငွေ့ CNG အင်ဂျင် အသုံးပြု ကားများကို ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)



ကြေးမုံ The Mirror

ဆောင်းပါးအညွှန်း

ဓာတုဗေဒပစ္စည်း မရှိလျှင် ဆေးဝါးများလည်း မရှိနိုင်

ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံအတွင်း Precursor ဓာတုပစ္စည်းဝင်ရောက်ခြင်းမရှိစေရန် နိုင်ငံတကာ အသိုင်းအဝိုင်း၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု အထူးပင်လိုအပ်လျက် ရှိသေးသည်။

နွယ်(သာယာဝတီ)၏ **"လူသားအားလုံးတွင် တာဝန်ရှိသည်"** ဆောင်းပါး

(စာ-၆)

၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာများ တင်သွင်းရန် နှိုးဆော်

ရန်ကုန် 　 စက်တင်ဘာ 　 ၁၆

၂၀၀၅ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသိရှိနိုင်ရန် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာစစ်အဖွဲ့က ကြေညာချက်ထုတ်ပြန်သည်။ တက္ကသိုလ်စာမေးပွဲဝင်ခွင့် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးတွင် ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ သတ်မှတ်ထားသော နှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်သည်။

စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲအမှတ်စဉ်(၁)(၅)(၆)(၇)(၈)များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲ အမှတ်စဉ်(၂)(၃)(၄)များဖြင့်

စာမျက်နှာ ၉ ကော်လံ ၄ သို့ ✳